ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၅ ရက်၊ သောကြာနေ့။ Friday, 7 July 2023 ၁၁၁၄၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ လက်ရှိ ပြည်တွင်းနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်ပတ်သက်၍ သံတမန်များအား ရှင်းလင်းပြောကြား

နေပြည်တော် ဇူလိုင် ၆

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံ၏ လက်ရှိ ပြည်တွင်းနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့်ပတ်သက်၍ ရန်ကုန်မြို့အခြေစိုက် သံတမန်များနှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်တို့အား ရှင်းလင်းပြောကြားမှုအစီအစဉ်ကို ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ဇင်းမင်းရာဇာခန်းမ၌ ယနေ့တွင် ပြုလုပ်ခဲ့သည်။**



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံ၏ လက်ရှိ ပြည်တွင်းနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှု အခြေအနေများနှင့်ပတ်သက်၍ ရန်ကုန်မြို့အခြေစိုက် သံတမန်များနှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်တို့အား ရှင်းလင်းပြောကြားစဉ်။

အဆိုပါ ရှင်းလင်းပြောကြားမှု အစီအစဉ်သို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးချမ်းအေး၊ ပြန်ကြားရေးဝန်ကြီးဌာန မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ ပါဝင်တက်ရောက်ခဲ့ပြီး ရန်ကုန်မြို့ရှိ သံရုံးများမှ သံအမတ်ကြီးများ၊ အဆင့်မြင့်သံတမန်များနှင့် ကုလသမဂ္ဂဌာနေကိုယ်စားလှယ်တို့ ပါဝင်တက်ရောက်ခဲ့ကြသည်။

**ရှင်းလင်းပြောကြား**

ရှင်းလင်းပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာအစိုးရ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးအပါအဝင် ဒီမိုကရေစီဖော်ဆောင်ရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့သည်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❖

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

နေပြည်တော် ဇူလိုင် ၆

| | | |
|---|---|---|
| ကျောက်ဖြူ | ၄ ဒသမ ၈၄ | လက်မ |
| မိုးကောင်း | ၃ ဒသမ ၈၆ | လက်မ |
| မာန်အောင် | ၃ ဒသမ ၁၉ | လက်မ |
| မောင်တော | ၃ ဒသမ ၀၇ | လက်မ |
| ပန်းတနော် | ၃ ဒသမ ၀၃ | လက်မ |
| သံတွဲ | ၂ ဒသမ ၇၂ | လက်မ |
| ရသေ့တောင် | ၂ ဒသမ ၃၄ | လက်မ |
| ရမ်းဗြဲ | ၂ ဒသမ ၁၀ | လက်မ |

**ယနေ့** ဖတ်စရာ

ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းကြသကဲ့သို့ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကိုလည်း ပိုမိုတိုးတက်မှတ်တမ်းတင်နိုင်ရေး၊ မိမိနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို အခြားနိုင်ငံများက ပုံတူကူးယူခံရမှုမှကာကွယ်ရေး စဉ်ဆက်မပြတ်ဆောင်ရွက် စာမျက်နှာ » ၄

တင့်တယ်ခမ်းနား ရုပ်ပွားတော်မြတ်ကြီးနှင့်အတူ အေးချမ်းပါစေ ဗုဒ္ဓမြေ ဆောင်းပါး စာမျက်နှာ » ၆

(၄၄)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပ စာမျက်နှာ » ၈

အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ စာမျက်နှာ » ၁၀

ကြေးမုံ

# လယ်ယာကဏ္ဍထုတ်ကုန်မြှင့်တင် နိုင်ငံ့စီးပွားတိုးတက်မြင့်မား

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကိုအခြေခံသည့် စီးပွားရေးကဏ္ဍများအားကောင်းစွာရှိနေသော်လည်း ထုတ်လုပ်မှုလိုအပ်ချက်များရှိ၍ ရည်မှန်းချက်ပန်းတိုင်သို့ရောက်ရှိရန်လိုအပ်နေသည်။ လယ်ယာကဏ္ဍ ထုတ်လုပ်မှုလိုအပ်ချက်များကို ဆန်းစစ်ဖွေရှာ၍ တိုးတက်ဆောင်ရွက်နိုင်မည့်လမ်းကြောင်းများကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတော်အကြီးအကဲအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား တွန်းအားပေးဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယခုနှစ်စိုက်ပျိုးရေးရာသီ၌ မိုးစပါး ၁၄ ဒသမ ၉ သန်းစိုက်ပျိုးပြီး လယ်ယာအနေဖြင့် ၁၃ သန်းကျော်ရှိသည်။ အဆိုပါ စိုက်ဧက ၁၃ သန်းကျော်တွင် စိုက်ဧက ၆ ဒသမ ၆ သန်း၌ သီးထပ်အခြားသီးနှံများ စိုက်ပျိုးကြသည်။ အဆိုပါအနေအထားသည် မြန်မာနိုင်ငံတစ်ဝန်းရှိ တောင်သူလယ်သမားနှင့်အခြားစိုက်ပျိုးကြသူများအနေဖြင့် ပုံမှန်အနေအထား စိုက်ပျိုးနေကြခြင်းဖြစ်သည်။ မြေ၊ ရေ၊ ရာသီဥတု၊ သွင်းအားစုနှင့် ဈေးကွက်အခြေအနေများအပေါ်မူတည်၍ တောင်သူတို့၏ စိုက်ပျိုးစွမ်းအားများ အတက်အကျရှိမည်။ တောင်သူလယ်သမားများ စိုက်ပျိုးရေးအထွက်နှုန်းကောင်းမွန်ပြီး တွက်ခြေကိုက်မှ လယ်ယာထွက်ကုန်များ မြင့်မားလာပြီး စီးပွားရေးတိုးတက်လာမည်ဖြစ်သည်။

လယ်ယာကဏ္ဍကုန်ထုတ်စွမ်းအား မြင့်မားတိုးတက်လာရန်အတွက် နိုင်ငံတော်အကြီးအကဲက အခါမလပ်လမ်းညွှန်အကြံပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းခန့်ရှိသည့်အနက် သီးထပ်စိုက်ပျိုးခြင်းမပြုနိုင်သည့် စိုက်ပျိုးမြေဧက ၇ ဒသမ ၃ သန်းတွင် ပဲအမျိုးမျိုး၊ နေကြာ၊ ပီလောပီနံ၊ သို့မဟုတ် သီးနှံတစ်မျိုးမျိုးစိုက်ပျိုး၍ တစ်ဧကလျှင် ၁၀ သိန်းဖိုးခန့် ထုတ်လုပ်နိုင်မည်ဆိုပါက ငွေကျပ် ၇၃၀၀ ဘီလီယံနှင့်ညီမျှသည့် ထုတ်ကုန်ပစ္စည်းများ ရရှိနိုင်မည်ဖြစ်သည်။ လယ်တစ်ဧကအထွက်နှုန်း၏ ပန်းတိုင်ရည်မှန်းချက်မှာ စပါးတင်း ၁၀၀ ဖြစ်သည်။ လက်ရှိစိုက်ပျိုးမှုအခြေအနေတွင် ပျမ်းမျှစပါး ၇၅ တင်းခန့်သာ ထွက်ရှိသည်။

လက်ရှိစိုက်ပျိုးဧက အထွက်နှုန်းအရ ဆန်နှင့်ဆန်ကွဲတန်ချိန် ၂ ဒသမ ၂ သန်းခန့် ပြည်ပသို့ တင်ပို့နေသည်။ တစ်ဧကတင်း ၁၀၀ ထွက်ရှိအောင် စိုက်ပျိုးနိုင်မည်ဆိုပါက တစ်ဧကလျှင်စပါး ၂၅ တင်းနှုန်း ပိုမိုထွက်ရှိလာမည်ဖြစ်သဖြင့် စပါးတင်းပေါင်း ၃၇၅ သန်းခန့် ပိုမိုထွက်ရှိလာမည်ဖြစ်သည်။ ပျမ်းမျှစပါးတစ်တင်းလျှင် ကျပ်တစ်သောင်းနှုန်းဖြင့် တွက်ချက်မည်ဆိုပါက ဆန်စပါးထုတ်လုပ်မှုတန်ဖိုး ၃၇၅၀ ဘီလီယံ ပိုမိုတိုးတက်လာမည်ဖြစ်သည်။ ထိုသို့ ပိုမိုထုတ်လုပ်နိုင်ခြင်းကြောင့် တောင်သူလယ်သမားများ၏ ငွေကြေးလည်ပတ်သုံးစွဲမှုများ တိုးတက်လာမည်ဖြစ်၍ ပြည်တွင်းငွေကြေးသုံးစွဲမှုများပါ တိုးတက်လာမည်ဖြစ်သည်။

လယ်ယာကဏ္ဍ ကုန်ထုတ်လုပ်မှုတိုးတက်လာခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရောင်းလိုအားများနှင့် ဝယ်လိုအားများကို တွက်ချက်ကြည့်မည်ဆိုပါက ဘီလီယံ ၈၀၀၀ ခန့် တိုးတက်လာမည်ဖြစ်သည်။ ပိုမိုထွက်ရှိလာသည့်စပါးများကို ဆန်အဖြစ်ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချမည်ဆိုပါက နိုင်ငံခြားဝင်ငွေ သန်းပေါင်းများစွာတိုးတက်ရရှိလာမည်ဖြစ်သည်။ နိုင်ငံ့စီးပွား တိုးတက်လာပါက ကျွဲကူးရေပါသလို ပြည်သူများ၏ လူမှုစီးပွားဘဝများ လိုက်ပါမြင့်မားတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် သဘာဝကပေးထားသော ရေ၊ မြေတို့နှင့် လူသားအရင်းအမြစ်များကို အကျိုးရှိစွာအသုံးချမည်ဆိုပါက စိုက်ပျိုးရေးလုပ်ငန်းတစ်ခုတည်းဖြင့် လယ်ယာကဏ္ဍကြီးမှ ဂျီဒီပီပါဝင်မှုအချိုးသည် များစွာတိုးတက်လာမည်ဖြစ်သည်။

အလားတူ ဆီထွက်သီးနှံကဏ္ဍသည်လည်း နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုနေသည်။ ယခုစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ(ဆီအုန်းမပါ) တွက်ချက်ကြည့်ပါက စိုက်ဧက ရှစ်သိန်းစိုက်ပျိုးခဲ့ပြီး ဒေသအလိုက်အထွက်နှုန်းများအရ ဆီတန်ချိန် ၆ ဒသမ ၉ သိန်းရရှိသည်ကိုတွေ့ရသည်။ ဆီထွက်သီးနှံအားလုံးကို ဆီထုတ်လုပ်မည်ဆိုပါက တစ်နိုင်ငံလုံး ဆီဖူလုံမှု ၁၂၆ ဒသမ ၂ ရာခိုင်နှုန်းရှိသည်ကို တွေ့ရသည်။ မြေပဲနှင့်နှမ်း စသည့်သီးနှံများကို အခြားနည်းများဖြင့် စားသုံးမှုများရှိသကဲ့သို့ ပြည်ပသို့လည်း တင်ပို့ရောင်းချခဲ့သည်။ ပြည်ပသို့တင်ပို့မှုမှရောင်းချရသည့်ဝင်ငွေနှင့် ပြည်ပမှတင်သွင်းရာတွင် ကုန်ကျရသည့်ထွက်ငွေကွာခြားနေသည်ကို တွေ့ရသည်။ ထို့ကြောင့် ပြည်တွင်း စားသုံးဆီထုတ်လုပ်မှုကို တိုးတက်ထုတ်လုပ်ပြီး စားသုံးမှုကို လျှော့ချဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ကဏ္ဍစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် လယ်ယာစိုက်ပျိုးရေးကဏ္ဍတစ်ခုတည်းတွင် အထွက်နှုန်းတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုအထောက်အပံ့ကောင်းများရရှိလာနိုင်ရာ လယ်ယာကဏ္ဍ၏ ကုန်ထုတ်စွမ်းအားများကို မြှင့်တင်ပြီး လူမှုစီးပွား၊ နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## အထက(မိုးနဲ)၌ အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ ကျင်းပ

မိုးနဲ ဇူလိုင် ၆



ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် ပညာရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့်(၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက အထက(မိုးနဲ) ပုလဲဆောင်ခန်းမနေရာ၌ ကျင်းပသည်။

အခမ်းအနားတွင် အထက(မိုးနဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းသန်းသန်းဌေးက ဟောပြောပွဲဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့ပြီး အာဇာနည်နေ့ပေါ်ပေါက်လာပုံနှင့် အာဇာနည်ခေါင်းဆောင်ကြီး ကိုးဦး၏ အကြောင်းကို ကျောင်းသား၊ကျောင်းသူများက ဟောပြောခဲ့ကြကြောင်းသိရသည်။

မျိုးညွန့်ရွှေ(မိုးနဲ)

## ညောင်ဦးမြို့နယ်၌ သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုမြေဩဇာများပေးအပ်

ညောင်ဦး ဇူလိုင် ၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့် အသင်းသားတောင်သူများအား သမဝါယမကန်ထရိုက်လယ်ယာစနစ်ဖြင့် သွင်းအားစုမြေဩဇာများ ပေးအပ်ပွဲကို ယမန်နေ့က ကံပေါက်အနောက်ကျေးရွာ၌ ကျင်းပသည်။



ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်ဖြိုးဝေနှင့် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဌေးတို့က သမဝါယမ ကန်ထရိုက်လယ်ယာစနစ်ဖြင့် ဆောင်ရွက်သည့် ကျေးရွာခုနစ်ရွာ၊ သမဝါယမအသင်း ခုနစ်သင်း၊ အသင်းသား ၁၀၁ ဦး ပိုင်ဆိုင်သည့် မိုးစပါးစိုက်ဧက ၂၄၂ ဧကအတွက် တစ်ဧကလျှင်ငွေကျပ် နှစ်သိန်းနှုန်းနှင့်ညီမျှသည့်သွင်းအားစုများဖြစ်သည့် စမ်းဝတီသဘာဝမြေဩဇာ၊ ကွန်ပေါင်းနှင့် ပုလဲမြေဩဇာများကို အသင်းသားတောင်သူများ စိတ်ကြိုက်ဝယ်ယူ၍ အသင်းသားတောင်သူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကော့သောင်းခရိုင်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူခြင်းဆောင်ရွက်

ကော့သောင်း ဇူလိုင် ၆

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား လူတစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာအချက်အလက်များ ဖြည့်သွင်းဆောင်ရွက်ရေးလုပ်ငန်းကို ဇွန် ၂၇ ရက်မှစတင်၍ ခရိုင်ဦးစီးမှူးရုံးတွင် ကောက်ယူလျက်ရှိသည်။

အဆိုပါ ဇီဝဆိုင်ရာ အချက်အလက်များ ဖြည့်သွင်းဆောင်ရွက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်နှင့် အဖွဲ့ဝင်များက ယမန်နေ့က ကြည့်ရှုအားပေးခဲ့ပြီး ကနဦးအနေဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၆-၇-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၃၀၀ | ၂၆၁ | ၂,၁၅၆,၃၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၃,၉၃၃ | ၁၁,၂၁၀,၁၀၀ |
| MCB | ၇,၁၀၀ | ၇,၁၀၀ | ၇၄၆ | ၅,၂၉၆,၆၀၀ |
| FPB | ၁,၅၀၀ | ၁,၅၅၀ | ၄၇၁ | ၇၂၇,၀၀၀ |
| TMH | ၂,၄၅၀ | ၂,၃၅၀ | ၄၄၈ | ၁,၀၉၇,၅၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၅၂၈ | ၁,၂၈၈,၆၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂၀၀ | ၁,၀၀၀,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၈၀၀ | ၃၈,၇၃၃ | ၆၉,၁၁၆,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပုဂံဒေသ၏ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထပ်မံဖြစ်ပွားလာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက်ပါ ကြိုတင်မျှော်မှန်းပြီး နှစ်အလိုက် အဆင့်ဆင့် ကြိုတင်ကာကွယ်ထိန်းသိမ်းရေးဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၆**

ပုဂံကမ္ဘာ့အမွေအနှစ် ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ (၁/၂၀၂၃) အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားစာကြည့်တိုက် ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အမှာစကားပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်နှင့် ဦးမျိုးသန့်၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥက္ကဋ္ဌ၊ ပြည်တွင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ညောင်ဦးခရိုင်နှင့် ပခုက္ကူခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ပုဂံကမ္ဘာ့အမွေအနှစ်ဒေသသည် နှစ်ပေါင်းထောင်ကျော်က ရှေးဟောင်း အဆောက်အအုံများကို တစုတဝေးတည်း တစ်နေရာတည်းမှာ တွေ့နိုင်သော တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့နှလုံးသား အမွေအနှစ်ယဉ်ကျေးမှုဒေသဖြစ်သောကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဒေသအဖြစ် ထိုက်တန်စွာရရှိထားသောဒေသဖြစ်ပြီး နိုင်ငံတကာက အထူးစိတ်ဝင်စားသော ယဉ်ကျေးမှုနယ်မြေဖြစ်ပါကြောင်း။

၂၀၁၆ ခုနှစ် ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် မြေလျှင်ကြောင့် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ စေတီပုထိုးများ အနက် ၃၈၉ ဆူ ထိခိုက်ပျက်စီးခဲ့ပြီး ပျက်စီးမှုများကို ရေရှည်ကြံ့ခိုင်ကောင်းမွန်စေရန် စနစ်တကျပြုပြင်နိုင်ရန်အတွက် "ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံညောင်ဦးဒေသရှိ ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ"ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၉ ရက်တွင်ဖွဲ့စည်းခဲ့သကဲ့သို့ အဖွဲ့ဝင်လေးဦးပါဝင်သော အကြံပေးအဖွဲ့ (Advisory Team)၊ အဖွဲ့ဝင် ၂၃ ဦး ပါဝင်သော ပညာရှင်အဖွဲ့(Technical Expert Team–TET)နှင့် အဖွဲ့ဝင် ၁၃ ဦးပါဝင်သည့် ပုဂံဒေသနိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီ(Bagan International Coordination Committee – BICC) ကဲ့သို့ အဖွဲ့အစည်းများကိုပါ ဖွဲ့စည်းခဲ့ပါကြောင်း။

**ပြောင်းလဲဖွဲ့စည်းခဲ့**

ဦးစီးကော်မတီ၏ ကြီးကြပ်မှုနှင့် လုပ်ငန်းများဆောင်ရွက်ခဲ့သည်မှာ ပဉ္စမအကြိမ်အစည်းအဝေး ကျင်းပပြီးသည်အထိဖြစ်ပြီး ပြီးခဲ့သည့် အစည်းအဝေးငါးခုတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ပေါင်း ၅၁ ချက်ရှိပါကြောင်း၊ ပဉ္စမအကြိမ်အစည်းအဝေး၏ဆုံးဖြတ်ချက်အရ ဦးစီးကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက "ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ" အဖြစ် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက် တွင် ပြောင်းလဲဖွဲ့စည်းခဲ့ပါကြောင်း၊ ထို့ကြောင့် ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ ပထမအကြိမ်ပြုလုပ်သည့် (၁/၂၀၂၃)အစည်းအဝေး ဖြစ်ပါကြောင်း။

ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် စေတီပုထိုးများ ပြုပြင်ထိန်းသိမ်းရန်အတွက် UNESCO အဖွဲ့အစည်းအပါအဝင် ပြည်တွင်း/ပြည်ပ ရှေးဟောင်းသုတေသနဆိုင်ရာ ပညာရှင်များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဗိသုကာပညာရှင်အသင်းနှင့် နည်းပညာတက္ကသိုလ်များ စသည့် ပညာရှင်အဖွဲ့အစည်းများနှင့် လူမှုရေးအဖွဲ့များ ပူးပေါင်းကူညီပါဝင်ဆောင်ရွက်ခဲ့မှုဖြင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော ဘုရားပုထိုး ၃၈၉ ဆူအနက် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်း၍ ကိုးနှစ်စီမံကိန်းဖြင့် ပြင်ဆင်ရန် စီမံဆောင်ရွက်နေသည့် သဗ္ဗညုဘုရားကြီးမှလွဲ၍ ကျန်ဘုရားအားလုံးကို ပထမအဆင့်ပြုပြင် ထိန်းသိမ်းမှုဆောင်ရွက်ပြီးသောကြောင့် ရာနှုန်းပြည့်ပြီးစီးသည်ဟု ပြောရမည်ဖြစ်ကြောင်း။

**အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့**

စီမံကိန်းဆောင်ရွက်ခဲ့သည့် လေးနှစ်တာအတွင်း ငလျင်ကြောင့်ထိခိုက်ခဲ့သော ဘုရားပုထိုးများသာမက သဘာဝဘေးဒဏ်ကြောင့် ပြုပြင်ရန်လိုအပ်သော နောက်ထပ်ဘုရား အဆူ ၁၁၀ ကိုလည်း ဆောင်ရွက်ပြီးဖြစ်သောကြောင့် စုစုပေါင်း ဘုရား ၄၉၉ ဆူ ထိန်းသိမ်းပြုပြင်ပြီးခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၆ ခုနှစ် ငလျင်လှုပ်ခတ်ပြီးနောက် ထိန်းသိမ်းရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသော ပြည်တွင်း/ပြည်ပ ပညာရှင်များ၊ ဆက်စပ်ဌာနများ၊ အနယ်နယ်အရပ်ရပ်က လာရောက်ကူညီဆောင်ရွက်ခဲ့ကြသည့် ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံများ၊ ဒေသတွင်းမှ အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် လေးနှစ်ကာလအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း။

ထို့ပြင် ၂၀၂၃ ခုနှစ် မေ ၁၅ ရက်တွင် တိုက်ခတ်ခဲ့သည့် မိုခါမုန်တိုင်းကြောင့် ပုဂံဒေသတွင် သုံးရက်ဆက်တိုက်မိုးသည်းထန်စွာရွာသွန်းခဲ့ရာ မိုးရေချိန် ၁၅ ဒသမ ၇၅ လက်မအထိရှိခဲ့ပါကြောင်း၊ စူဠာမဏိဘုရား၊ ဓမ္မရံကြီးဘုရား အပါအဝင်ဘုရား ၁၅ ဆူ၏ ပရဝဏ်ထဲ၌ ရေဝင်ရောက်ခဲ့ခြင်း၊ ဘုရားရှစ်ဆူ၏ အစိတ်အပိုင်းအချို့ ထိခိုက်ပျက်စီးမှုဖြစ်ခြင်း၊ ရှေးဟောင်းအဆောက်အအုံ စေတီပုထိုး ၄၅ ဆူ အနည်းငယ် ထိခိုက်ပျက်စီးမှုဖြစ်ခြင်းတို့ကို ထပ်မံတွေ့ရ၍ သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ ဒေသဆိုင်ရာ တာဝန်ရှိသည့် ဌာနများ ပူးပေါင်းဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ထိခိုက်ပျက်စီးမှုများကို ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနက ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ခဲ့ရာတွင် ထိခိုက်ပျက်စီးမှု ရှစ်ဆူမှာ ခုနစ်ဆူအား ပြုပြင်ထိန်းသိမ်းပြီးစီးခဲ့ပြီး သဗ္ဗညုဘုရားတံတိုင်းအနည်းငယ် ပျက်စီးမှုမှာ တရုတ်ပညာရှင်အဖွဲ့က ဆောင်ရွက်ဆဲဖြစ်ပါကြောင်း၊ ထပ်မံတွေ့ရှိရသည့် အနည်းငယ်ထိခိုက်ပျက်စီးခဲ့သော ၄၅ ဆူအနက်မှ သုံးဆူပြုပြင်ပြီးစီးပြီး ကျန် ၄၂ ဆူကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပရဝဏ်အတွင်း ရေဝင်ရောက်ခဲ့သည့် ဘုရား ၁၅ ဆူအနက် စူဠာမဏိဘုရားပရဝဏ်မှာ ရေဝင်ရောက်မှုအများဆုံးဖြစ်ခဲ့သည့်အတွက် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အတိုင်း ဘုရားပရဝဏ်အတွင်း မြေမျက်နှာပြင်အနိမ့်အမြင့် တိုင်းတာမြေညှိခြင်း၊ ရေထွက်ပေါက်အဟောင်းများ ရှာဖွေပြုပြင်ခြင်း၊ လိုအပ်မည့်နေရာများတွင် မူလပုံစံမပျက်စေဘဲ အသစ်ထပ်မံဖောက်လုပ်စေခြင်းတို့ ဆောင်ရွက်ခဲ့ရာ အားလုံးပြီးစီးပြီဖြစ်ပါကြောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပူးပေါင်းပါဝင်ကြသူများအားလုံးကို နိုင်ငံတော်ကိုယ်စား မှတ်တမ်းတင်ပါကြောင်း။

ပုဂံဒေသ၏ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ထပ်မံဖြစ်ပွားလာနိုင်သည့် သဘာဝဘေးအန္တရာယ်များအတွက်ပါ ကြိုတင်မျှော်မှန်းပြီး နှစ်အလိုက်အဆင့်ဆင့် ကြိုတင်ကာကွယ်ထိန်းသိမ်းရေး ဆောင်ရွက်သွားရန် ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ နည်းပညာအကူအညီနှင့် အကြံဉာဏ်များ ရယူခဲ့သည့်အပြင် အသုံးပြုသည့် ပစ္စည်းများကိုလည်း ရှေးဟောင်းအမွေအနှစ်နှင့် ကိုက်ညီပြီး စံချိန်စံညွှန်းပြည့်မီသော ပစ္စည်းများဖြစ်ရန်အတွက် သက်ဆိုင်ရာဆက်စပ်ဝန်ကြီးဌာနများက အကူအညီပေးရန် ပြည်တွင်း/ပြည်ပ ပညာရှင်များနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများအားလုံး စဉ်ဆက်မပြတ် ညှိနှိုင်းတိုင်ပင်ပြီး စည်းစည်းလုံးလုံး ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

**စနစ်တကျ ကြီးကြပ်စီမံခန့်ခွဲ**

ငလျင်ဒဏ်သင့် ပုဂံစေတီပုထိုးများအတွက် ပြည်တွင်း/ပြည်ပက သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းကြသော အလှူငွေများလက်ခံရရှိခဲ့သဖြင့် စိစစ်ကြီးကြပ်မှု၊ စစ်ဆေးမှုနှင့် စနစ်တကျအကျိုးရှိရှိ သုံးစွဲပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရပါကြောင်း၊ ဆက်လက်ထိန်းသိမ်းစီမံခန့်ခွဲနိုင်ရန်အတွက် နှစ်ကာလအလိုက်စီမံချက်များ ချမှတ်ဆောင်ရွက်ပြီး လိုအပ်သလို ကျန်ရှိသည့် အလှူငွေများကိုလည်း ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီများက စနစ်တကျ ကြီးကြပ်စီမံခန့်ခွဲကြရန် လိုအပ်ပါကြောင်း။

ပုဂံဒေသသည် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်သောကြောင့် ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် ပြည်တွင်း/ပြည်ပ ပညာရှင်များနှင့် ဖွဲ့စည်းထားသော နိုင်ငံတကာပူးပေါင်း ဆောင်ရွက်ရေးကော်မတီ၏ အကြံပြုချက်များ၊ နိုင်ငံတကာတွင် လက်ခံအသုံးပြုနေသော ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများ၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

**ပြုပြင်ထိန်းသိမ်းဆောင်ရွက်**

ထို့နောက် ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက မန္တလေးတိုင်းဒေသကြီး၊ ပုဂံ–ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းဘုရား၊ စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများကို ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောက်ရွက်ဆဲအခြေအနေ၊ အလှူခံရရှိသည့်အလှူငွေများ ထိန်းသိမ်းထားရှိမှုနှင့် သုံးစွဲမှုအခြေအနေ၊ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးရွာသွန်းမှုများပြားပြီး ရေဝင်ရောက်မှု၊ ပျက်စီးမှုအချို့သက်ရောက်ခဲ့သည့် ဘုရားပုထိုးများ ပြုပြင်ထိန်းသိမ်း ဆောင်ရွက်ထားရှိမှု အခြေအနေတို့အား ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးစီးကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိန်းရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

စာမျက်နှာ ၄ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းရေးဦးစီးကော်မတီ၏ (၁ / ၂၀၂၃ )အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

# ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းကြသကဲ့သို့ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ပိုမိုတိုးတက်မှတ်တမ်းတင်နိုင်ရေး၊ မိမိနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို အခြားနိုင်ငံများက ပုံတူကူးယူခံရမှုမှကာကွယ်ရေး စဉ်ဆက်မပြတ်ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၆**

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ ဆဋ္ဌမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားစာကြည့်တိုက် ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့်ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ကော်မတီဝင်ပညာရှင်များ၊ အသင်းအဖွဲ့ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ **မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက** မိမိတို့နိုင်ငံ၏ ဒြပ်ရှိ/ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်ပါကြောင်း၊ အစောဆုံးမြို့ပြယဉ်ကျေးမှု ထွန်းကားခဲ့သည့် ပျူမြို့ဟောင်းသုံးမြို့ဖြစ်သည့် ဟန်လင်း၊ သရေခေတ္တရာ၊ ဗိဿနိုးနှင့် ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသတို့ကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ခဲ့ပြီး မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကိုလည်း ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်စေရေးအတွက် Nomination Dossier (Complete) ကို ကမ္ဘာ့အမွေအနှစ်ကော်မတီသို့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်တွင် ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ထောင်ပေါင်းများစွာသော ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအနက် မြန်မာနိုင်ငံ၏ ပထမဆုံး ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်အဖြစ် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ကို UNESCO သို့ ၂၀၂၀ ပြည့်နှစ်က တင်ပြခဲ့သော်လည်း ပြန်လည်ပြည့်စုံအောင် ရေးသွင်းရမည့် အချက်အလက်အချို့ လိုအပ်နေကြောင်း အကြောင်းကြားလာသည့် အတွက် ပြန်လည်ရေးသားလျက်ရှိပါကြောင်း။

### ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ပေါင်း ၂၂၈၉ ခု

မြန်မာ့ရိုးရာ မဟာအတာသင်္ကြန်ပွဲတော်ကိုလည်း ကမ္ဘာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းသို့ တင်သွင်းနိုင်ရေး အတွက် အဆိုပြုစာတွဲကို ၂၀၂၃ ခုနှစ် မတ် ၂၄ ရက်တွင် UNESCO သို့ ပေးပို့ခဲ့ပြီးဖြစ်ပါကြောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက စာရင်းကောက်ယူမှတ်တမ်းတင်ထားသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပေါင်း ၂၂၈၉ ခုကိုလည်း မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ် မှတ်ပုံတင်စာရင်း (ပထမအကြိမ်)အဖြစ် ၂၀၂၀ ပြည့်နှစ် မတ် ၂၆ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၂၀ ဖြင့် သတ်မှတ်ခဲ့ပြီး ဖြစ်ပါကြောင်း၊ မိမိတို့၏ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရာတွင် လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေများကိုလည်း ခေတ်နှင့်ညီအောင်ပြင်ဆင်ဖြည့်စွက်ရေးဆွဲထုတ်ပြန်ခဲ့ပါကြောင်း။

အများပြည်သူ အသိပညာ ဗဟုသုတပွားများစေရန်အတွက် အကြောင်းအရာစုံ၊ ကဏ္ဍစုံပြသနိုင်မည့် ပုဂ္ဂလိကပြတိုက်များ စနစ်တကျ ပေါ်ထွက်လာစေရန်နှင့် ပြတိုက်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်သည့်အတွက် မြန်မာနိုင်ငံပြတိုက်များ ဥပဒေကြမ်းနှင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေး ဥပဒေ (မူကြမ်း)တို့ကို အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် အရေးပါသည့် ဥပဒေများကိုလည်း ပြဋ္ဌာန်းနိုင်ရေး သက်ဆိုင်ရာဌာနများက ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

အဆိုပါဥပဒေများကို ပြဋ္ဌာန်းခြင်းဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ဥပဒေနှင့်အညီ ပိုမိုထိန်းသိမ်းစောင့်ရှောက်လာနိုင်ပြီး ပြည်သူတို့၏လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီဖော်ဆောင်လာနိုင်မည်ဖြစ်သကဲ့သို့ ထုတ်ပြန်ခဲ့သည့်ဥပဒေ၊ နည်းဥပဒေများကို ပြည်သူလူထုအကြား ချပြရှင်းလင်းအသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် **ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက** ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ရှာဖွေဖော်ထုတ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များဖော်ထုတ် ထိန်းသိမ်းတိုးတက်ပြန့်ပွားအောင် ဆောင်ရွက်ရေး၊ နိုင်ငံတော်အတွင်းရှိ ဒြပ်ရှိ/ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရာတွင် အထောက်အပံ့ဖြစ်စေရန် အမျိုးသား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နိုင်ငံနှင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများကို ကိုယ်စားပြုသည့်ပြတိုက်များ ပေါ်ပေါက်လာရေး၊ မြန်မာနိုင်ငံအနှံ့အပြား ပုဂ္ဂလိကပြတိုက်များ တည်ထောင်ဖွင့်လှစ်နိုင်ရေး၊ မြန်မာနိုင်ငံပြတိုက်များ ဥပဒေကြမ်းအတည်ပြုပြဋ္ဌာန်းနိုင်ရေးတို့ကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် **ဗဟိုကော်မတီအတွင်းရေးမှူး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ့ က** မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ၏ ပဉ္စမအကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ **ဗဟိုကော်မတီ၏တွဲဖက်အတွင်းရေးမှူး ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက** အမှာစာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံ၏ ဒြပ်ရှိဒြပ်မဲ့ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များနှင့် တိုင်းရင်းသားရိုးရာဓလေ့ထုံးတမ်းစဉ်လာများ ရှာဖွေဖော်ထုတ်

**စာမျက်နှာ ၅ သို့ »»»**

**စာမျက်နှာ ၃ မှ**

ဆက်လက်၍ ဦးစီးကော်မတီတွဲဖက်အတွင်းရေးမှူး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် အမှာစာများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူးက ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ရှေးဟောင်းအမွေအနှစ်များ ပြုပြင်ထိန်းသိမ်းကာကွယ် စောင့်ရှောက်မှုနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူးက စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပုဂံကမ္ဘာ့အမွေအနှစ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ ပြုပြင်ထိန်းသိန်းရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

### အတည်ပြု

ဆက်လက်၍ ကော်မတီဥက္ကဋ္ဌက တင်ပြလာသည့်အမှာစာများကိုဆက်လက်တင်ပြရန်ကိစ္စရပ်များနှင့် ကော်မတီ၏အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရန်ကိစ္စရပ်များကို အတည်ပြုသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ငလျင်ဖြစ်ပြီးသည့် လေးနှစ်အတွင်းမှာ ဦးစီးကော်မတီအစည်းအဝေး ငါးကြိမ်၊ ပညာရှင်အဖွဲ့ (Technical Expert Team–TET) အစည်းအဝေးကို (၂၄) ကြိမ် ကျင်းပပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ၂၀၁၆ ခုနှစ် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော သာသနိကအဆောက်အအုံနှင့် စေတီပုထိုး ၃၈၉ ဆူအနက် သဗ္ဗညုဘုရားကြီးသည် ကြံ့ခိုင်မှုအနေဖြင့် တရုတ်ပညာရှင်အဖွဲ့က ကနဦးလုပ်ထားသည့် အခြေအနေအတိုင်း ထူးခြားမှုမရှိသည်ကို သိရှိရပါကြောင်း။

၂၀၂၃ ခုနှစ် မတ်လမှစတင်၍ တရုတ်ပညာရှင်အဖွဲ့ရောက်ရှိနေခဲ့ပြီး လိုအပ်သည့် ဆောင်ရွက်ချက်များ ပြုလုပ်လျက်ရှိသည့်အတွက် မကြာမီကာလတွင် သဗ္ဗညုဘုရားပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်မည်ဟု သိရှိရပါကြောင်း၊ အနာဂတ်ကာလ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ၏ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် နိုင်ငံတော်အဆင့်အနေဖြင့် ဆက်လက်ညှိနှိုင်းစီမံပေးသွားမည်ဖြစ်ပြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ယခုကဲ့သို့ပင် အားလုံးက ဝိုင်းဝန်းပူးပေါင်းဆွေးနွေးစစ်ဆေး အကြံပြုဆောင်ရွက်သွားရန် တိုက်တွန်းလိုပါကြောင်း။

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းသာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံသည့်လုပ်ငန်းနှင့် မိုခါမုန်တိုင်းဒဏ်ကြောင့် ဘုရားပုထိုးစေတီများ ရေဝင်ရောက်မှုနှင့် ထိခိုက်ပျက်စီးမှုများကို ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသည့် ဦးစီးကော်မတီဝင်များ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ ပညာရှင်အဖွဲ့မှပညာရှင်များ၊ ပူးပေါင်းပါဝင်ခဲ့သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါကြောင်းနှင့် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ၏ ရှေးဟောင်းအဆောက်အအုံများ ရေရှည်ဆက်ပြုပြင်ထိန်းသိမ်းသည့် လုပ်ငန်းများတွင်လည်း ဆက်လက်ပူးပေါင်းပါဝင်ကူညီပေးကြရန် ပြောကြားသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာတာသံရုံး ယာယီတာဝန်ခံ၊ အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ ဆော်ဒီအာရေဗျ နိုင်ငံသံအမတ်ကြီးနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ... 



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာတာသံရုံး ယာယီတာဝန်ခံ မစ္စတာ ရာရှစ် အက်ဘ်ဒူလာ အမ်.အေ. အယ်လ်-ကူဝါရီအား လက်ခံတွေ့ဆုံစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဗီနေးကူးမားအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**ရန်ကုန် ဇူလိုင် ၆**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကာတာသံရုံး ယာယီတာဝန်ခံ မစ္စတာ ရာရှစ် အက်ဘ်ဒူလာ အမ်.အေ. အယ်လ်-ကူဝါရီ ကို ယနေ့နံနက် ၉ နာရီတွင်လည်းကောင်း၊ အိန္ဒိယနိုင်ငံသံအမတ်ကြီး မစ္စတာ ဗီနေးကူးမားကို နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ဆော်ဒီအာရေဗျ နိုင်ငံသံအမတ်ကြီး မစ္စတာ ဆာအု(ဒ်) ဘင် အဗ္ဗဒူ(လ်) လာအယ်လ်စုဘိုင်ကို နံနက် ၁၁ နာရီတွင် လည်းကောင်း၊ ကုလသမဂ္ဂယာယီဒုက္ခသည်များဆိုင်ရာ... ရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး မစ္စတာရာမနသန် ဘာလာ ခရှစ်နန်ကို မွန်းလွဲ ၁ နာရီတွင် လည်းကောင်း ရန်ကုန်မြို့ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ကာတာသံရုံးယာယီတာဝန်ခံနှင့် တွေ့ဆုံစဉ် မြန်မာ-ကာတာနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးတိုးတက်ခိုင်မာရေး၊ မြန်မာ့လယ်ယာနှင့် ရေထွက်ထုတ်ကုန်များ တင်ပို့သွားရေး၊ နှစ်နိုင်ငံအကြား စွမ်းအင်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးတိုးမြှင့်သွားရေးတို့ကို ရင်းနှီးစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ထို့ပြင် မြန်မာနှင့် ကာတာနိုင်ငံတို့အကြား လေကြောင်းလိုင်းများ ပြန်လည်ပျံသန်းပြေးဆွဲသွားရေးနှင့် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်သွားနိုင်ရန်အတွက် နားလည်မှုစာချွန်လွှာများ၊ သဘောတူစာချုပ်များရေးထိုးသွားရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေး**

အိန္ဒိယသံအမတ်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြားလမ်းပန်းဆက်သွယ်မှု ချိတ်ဆက်ရေးနှင့် နယ်စပ်ဖြတ်ကျော်လျှပ်စစ်ဓာတ်အားလိုင်း သွယ်တန်းမှုတို့အပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ရေး၊ ဆိုင်ကလုန်း မိုခါဒဏ်သင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် အိန္ဒိယနိုင်ငံမှ ဆက်လက်အကူအညီပေးသွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး**

ဆော်ဒီသံအမတ်ကြီးနှင့်တွေ့ဆုံစဉ် နှစ်နိုင်ငံအကြားဆက်ဆံရေး တိုးတက်ခိုင်မာရေး၊ မြန်မာနိုင်ငံမှ လယ်ယာနှင့် ရေထွက်ကုန်များကို ဆော်ဒီအာရေဗျနိုင်ငံသို့ တင်ပို့နိုင်မည့် အခွင့်အလမ်းများ ရှာဖွေရေး၊ စွမ်းအင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေး၊ အလုပ်သမားရေးရာ၊ ယဉ်ကျေးမှု၊ ပညာရေး စသည့်ကဏ္ဍများအပါအဝင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး စသည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**အမြင်ချင်းဖလှယ်**

ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေး ကိုယ်စားလှယ်နှင့် တွေ့ဆုံစဉ် ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် လက်အောက်ခံအဖွဲ့အစည်းများက မိုခါမုန်တိုင်းဒဏ်သင့် မြန်မာပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရာတွင် အဆင်ပြေချောမွေ့ရေး၊ ထိရောက်မှုရှိစေရေးတို့အတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

---

❖ **ရှေ့ဖုံးမှ**

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ရောဂါ၊ ရွေးကောက်ပွဲမသမာမှုနှင့် ဆက်စပ်သည့် မတည်ငြိမ်မှုများ၊ ဆိုင်ကလုန်းမုန်တိုင်းမိုခါကဲ့သို့သော သဘာဝဘေးအန္တရာယ်နှင့် ပထဝီဝင်နိုင်ငံရေးအရ သက်ရောက်မှုများနှင့် သတင်းမီဒီယာစစ်ပွဲဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နေရသော်လည်း တရားဥပဒေစိုးမိုးရေးဆောင်ရွက်ခြင်း၊ ငြိမ်းချမ်း၍ အများပါဝင်နိုင်သော နိုင်ငံရေးလုပ်ငန်းစဉ်ဖော်ဆောင်ခြင်းတို့ဖြင့် ကြိုးပမ်းလျက်ရှိသည်ကို ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းပြောကြားခဲ့သည်။ ထို့ပြင်အာဆီယံ တူညီဆန္ဒ(၅) ချက် ဖော်ဆောင်ရာတွင် အရေးကြီးဆုံးအချက်များဖြစ်သည့် အကြမ်းဖက်မှုများ ရပ်တန့်ရေး၊ အားလုံးပါဝင်သည့် ဆွေးနွေးပွဲများ ကျင်းပရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီထောက်ပံ့မှုများ ပေးအပ်ရေးတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို အကြိမ် ၅၀၀၀ ကျော် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပစ်အခတ်ရပ်စဲမှု စတင်ခဲ့သည်မှာ (၃၃) နှစ်တိုင်ရှိပြီး အပြီးသတ်ငြိမ်းချမ်းရေးအတွက် မြန်မာအစိုးရ အဆက်ဆက်မှ ကြိုးပမ်းအားထုတ်ခဲ့ကြောင်းတို့ကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ်အရ စတင်တိုက်ခိုက်မှုမပြုခြင်း၊ ပြည်သူများအား အကာအကွယ်ပေးရန် ထိန်းထိန်းသိမ်းသိမ်းနှင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် ဂျီနီဗာကွန်ဗင်းရှင်းပါ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ခဲ့သည်များကိုလည်း အသိပေးပြောကြားခဲ့သည်။

**အသိပေးပြောကြား**

ပြည်ထောင်စုဝန်ကြီးက PDF အကြမ်းဖက်များ၏ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ ၅၉၃၈ ဦး (အရပ်သား ၄၈၇၈ ဦး နှင့် အစိုးရဝန်ထမ်း ၁၀၆၀) ကျော် ထိခိုက်သေဆုံးခဲ့ခြင်း၊ PDF များ၏ အဖျက်အမှောင့်လုပ်ငန်းများကျူးလွန်မှုများ၊ ဒီမိုကရေစီဖော်ဆောင်ရေး လုပ်ငန်းစဉ်များအား အဟန့်အတားဖြစ်အောင် လုပ်ဆောင်နေမှုများ၊ ၎င်းတို့၏ဥပဒေပြင်ပလုပ်ရပ်များမှ ပြည်သူများအားကာကွယ်ရန် အစိုးရအနေဖြင့် PDF အကြမ်းဖက်သမားများကို တုံ့ပြန်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း အသိပေးပြောကြားခဲ့သည်။

**ရှင်းလင်းပြောကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်ရှိ လူမှုအသိုက်အဝန်းများအကြား ငြိမ်းချမ်းရေးနှင့် သဟဇာတရှိစေရေး ကြိုးပမ်းဆောင်ရွက်မှုများ၊ ၂၀၁၇ နှင့် ၂၀၁၈ ခုနှစ်များတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံအကြား ချုပ်ဆိုထားသည့် သဘောတူစာချုပ်အကောင်အထည်ဖော်ဆောင်မှု အခြေအနေများနှင့် နိုင်ငံသားစိစစ်ပြီးသည့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို ဆောလျင်စွာ စတင်နိုင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် မိုခါဆိုင်ကလုန်းဘေးဒဏ် ထိခိုက်ခံစားခဲ့ရသည့်ဒေသများနှင့် ပြည်သူများအား ကူညီကယ်ဆယ်မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများ၊ ဒေသတွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

**ကြည့်ရှု**

ထို့နောက် အမေးအဖြေကဏ္ဍတွင် တက်ရောက်လာသည့်သံတမန်များက သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး တာဝန်ရှိသူများက ရှင်းလင်းပြောကြားမှုအပြီး တက်ရောက်သူများက ခင်းကျင်းပြသထားသည့် မှတ်တမ်းဓာတ်ပုံများ၊ အချက်အလက်များကို ကြည့်ရှုကြကြောင်း သိရသည်။

**သတင်းစဉ်**

---

»»» **စာမျက်နှာ ၄ မှ**

ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက်ကော်မတီဥက္ကဋ္ဌကတင်ပြလာသည့်အမှာစာများကို ဆက်လက်တင်ပြရန်ကိစ္စရပ်များနှင့် ကော်မတီ၏ အဆုံးအဖြတ်ဖြင့် ဆောင်ရွက်ရန်ကိစ္စရပ်များကို အတည်ပြုသည်။

ဆက်လက်၍ **မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌက** နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းကြသလို ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကိုလည်း ပိုမိုတိုးတက်မှတ်တမ်းတင်နိုင်ရေး၊ မိမိနိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကို အခြားနိုင်ငံများက ပုံတူကူးယူခံရမှုမှ ကာကွယ်ရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန်လိုပါကြောင်း၊ အကြံပြုဆွေးနွေးချက်များနှင့် လိုအပ်ချက်များကို ကဏ္ဍအသီးသီးအလိုက် ဆက်လက်ညှိနှိုင်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း။

ဆောင်ရွက်ပြီးစီးခဲ့သည့် အောင်မြင်မှုအားလုံးကိုလည်း ဗဟိုကော်မတီအနေနှင့် အသိအမှတ်ပြုပါကြောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်း အမြန်ပြီးစီးအောင် ဆက်လက် ဆောင်ရွက်ပေးကြရန်နှင့် မြန်မာနိုင်ငံရှိ ဒြပ်ရှိ/ ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်များကို တိုင်းပြည်နှင့် လူမျိုးအတွက် ရှာဖွေဖော်ထုတ် သုတေသနပြုလုပ်ငန်းများ ပိုမိုတိုးတက်လာစေရန် အားလုံးတက်ညီလက်ညီစိတ်အား၊ လူအားရှိသမျှ ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# တင့်တယ်ခမ်းနား ရုပ်ပွားတော်မြတ်ကြီးနှင့်အတူ အေးချမ်းပါစေ ဗုဒ္ဓမြေ

ဒေါက်တာမြတ်မိုး

ကျွန်ုပ်တို့အားလုံးသည် ထေရဝါဒ ဗုဒ္ဓဘာသာစစ်စစ်ကိုးကွယ်သည့်နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များပီပီ မိမိဘာသာ သာသနာ ပြန့်ပွားတိုးတက်ရေးအတွက် တာဝန်ရှိသူများဖြစ်သည်ဟု ခံယူထားသူများဖြစ်သည်။ နိုင်ငံစည်ပင်ဝပြောရေး၊ ငြိမ်းချမ်းရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် ကျရာအခန်းကဏ္ဍမှ ပါဝင်နေသူများလည်း ဖြစ်ပြန်သည်။ အရာရာကို ဘာသာသာသနာကိုအခြေခံ၍ စဉ်းစားသည်၊ တွေးသည်၊ ပြောသည်၊ လုပ်ကြကိုင်ကြသည်။ အကြောင်းမှာ ဗုဒ္ဓဘာသာသည် တစ်ဦးချင်း ငြိမ်းချမ်းရေးမှသည် အများငြိမ်းချမ်းရေး၊ လောကတစ်ခွင် သာယာဝပြောရေးကို ရှေးရှု၍ဖြစ်သည်။ ဤမြှုရိုးရှင်းသောအချက်ကိုအခြေခံ၍ မြန်မာပြည်တစ်ခွင် အပူမှ အအေး၊ အမှောင်မှ အလင်းဆောင်နေသည့် ဂုဏ်ယူဖွယ်ရာတစ်ခုအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းကို သဒ္ဓါတရားဖြင့် တင်ပြလိုပါသည်။

ဗုဒ္ဓဓမ္မနှင့် ငြိမ်းချမ်းသာယာဝပြောရေးကို အတူယှဉ်တွဲ၍ ကုသိုလ်စိတ်များပွားနိုင်ရေးအတွက် ရည်ရွယ်ပါသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်လျက်ရှိပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဟု သိရှိရပါသည်။

## မွန်မြတ်မှန်ကန်သော ရည်ရွယ်ချက်များမှသည် ခိုင်မာသောယုံကြည်မှုများသို့

ဘုရားရှင်အား ကိုယ်စားပြုသည့် ဥဒ္ဒိဿစေတီ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရခြင်းသည် ပင် ထေရဝါဒဗုဒ္ဓဘာသာ အခြေခံခိုင်မာမှုရှိပြီးဖြစ်သော မြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများ၊ သာသနာနှင့် ကမ္ဘာကြီးအတွက် ဦးတည်ထားခြင်းဖြစ်သည်။ မွန်မြတ်သန့်ရှင်းသော ရည်ရွယ်ချက်လေးရပ်ဖြင့် ဆက်လက်ခိုင်မာတည်တံ့အောင် ဆောင်ရွက်နေခြင်းလည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုကို ပြသရန်သည် အဓိကဖြစ်သည်။ ထို့အတူ ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဇဟိုချက်ဖြစ်စေရန်လည်း ရည်ရွယ်ပါသည်။ ဘာသာသာသနာ၏ ထွန်းလင်းတောက်ပမှုဖြင့် အမိနိုင်ငံတော်ကြီး သာယာဝပြောစေရန်နှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာစေရန်အထိ ဦးတည်ထားပါသည်။ ထိုရည်ရွယ်ချက်များနှင့်အညီ ကျွန်ုပ်တို့၏ ထေရဝါဒဗုဒ္ဓဘာသာသည် ကိုးကွယ်မှုဗဟိုချက်အဖြစ် ဆက်လက်ထွန်းလင်းတောက်ပပြီး ဘာသာသာသနာ ဆက်လက်အဓွန့်ရှည် တည်တံ့ပြန့်ပွားနေမည်ဟု ယုံကြည်ပါသည်။

ဘာသာသာသနာနှင့် ယခုကဲ့သို့ စေတီတော်ကြီး တည်ထားကိုးကွယ်ခြင်း၏ အကျိုးကျေးဇူးကြောင့် နိုင်ငံတော်ကြီးလည်း သာယာဝပြောလာမည်။ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဗြဟ္မဝိဟာရတရားလေးပါးအောက်တွင် နိုင်ငံလည်းငြိမ်းချမ်းလာမည်။ ဗုဒ္ဓ၏ အရိပ်အာဝါသအောက်တွင် ငြိမ်းချမ်းမှုနှင့်အတူ ပြည်သူပြည်သားအားလုံးလည်း အေးအေးချမ်းချမ်းဖြင့် မိမိတို့၏ စားဝတ်နေရေး ကိစ္စအဝဝ ပြေလည်လာမည်၊ စီးပွားလာဘ်လာဘများလည်း တိုးတက်လာမည်၊ အေးအေးချမ်းချမ်း ပျော်ပျော်ရွှင်ရွှင်ရှိကြမည်ဟု မျှော်လင့်မိပါသည်။

## ခေတ်မီနည်းစနစ်များဖြင့် ထုဆစ်ပူဇော်ထားသော

လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါအားလုံး အကျိုးငှာ ကိုးကွယ်ရာ ဤရုပ်ပွားတော်ကြီး ထုဆစ်တည်ထားစီမံကိန်းကြီးကား ကမ္ဘာ့သမိုင်းဝင် တည်ထားမှုတစ်ခုအဖြစ် စံပြုထိုက်သည်ဟု ဆိုနိုင်ပါသည်။ ဤသို့သမိုင်းဝင်မှု အချက်အလက်အသေးစိတ်များကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ပင် ၂၉-၆-၂၀၂၃ ရက်နေ့ နံနက်ပိုင်းက သာသနာနုဂ္ဂဟအဖွဲ့ရ ပုဂ္ဂိုလ်များ၊ ပြည်တွင်းဘဏ်များနှင့် ကုမ္ပဏီကြီးများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်တွင်းရုပ်သံလိုင်းများနှင့် ဆက်သွယ်ရေး အော်ပရေတာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ သတ္တုလုပ်ငန်းကုမ္ပဏီများမှ တာဝန်ရှိပုဂ္ဂိုလ်များအား ဖိတ်ကြားရှင်းလင်းပြသခဲ့သည်ကိုလည်း သတိထားမိသည်။

တန်ချိန်အလေးဆုံးထုထည်ကြီးကို အဝေးဆုံး သယ်ဆောင်ရွှေ့ပြောင်းနိုင်မှုအဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ်သည်။ ငလျင်ဒဏ်ရစ်ချ်တာစကေး ၈ ဒသမ ၈၊ တစ်နာရီလေတိုက်နှုန်း မိုင် ၁၂၀၊ မိုးကြိုးမုန်တိုင်းအဆင့် ၅ အထိ စသည့် သဘာဝဘေးဒဏ်ကြီးများကို ခံနိုင်ရည်ရှိအောင် တွက်ချက်တည်ဆောက်ထားသည်ဟုဆိုသည်။ ယခုလက်ရှိ ကျောက်ဆစ် ရုပ်ပွားတော်များအနက် ကမ္ဘာတွင် အကြီးဆုံးသောရုပ်ပွားတော်ကြီးလည်းဖြစ်သည်။

**အထူးကန့်သတ် ကုန်စည်တစ်မျိုးဖြစ်သော 5 axis နည်းပညာသုံး CNC စက်ဖြင့် ထုဆစ်ပူဇော်ထားခြင်းဖြစ်သည်။ ကွန်ပျူတာညွှန်ကြားချက်ဖြင့် ဝင်ရိုးငါးခုကို တစ်ပြိုင်နက်ရွှေ့လျားစေနိုင်ပြီး ရုပ်ထွေးသောစက်ပစ္စည်းအစိတ်အပိုင်းများကို ဖြတ်တောက်လုပ်ဆောင်နိုင်သည့်စက်မျိုးဖြစ်သည်။ သတ်မှတ်ကာလအချိန်အတွင်း ပြီးစီးစေရန် အရွယ်အစား ကြီးမားလွန်းသော ဆင်းတုတော်ကြီးအတွက် တိကျသေချာစွာ ထုဆစ်နိုင်စွမ်းရှိမည့် Heavy Mega CNC စက်ကြီးဖြစ်သည်။ ဤစက်ကြီးကြောင့် ဆင်းတုတော်ရှိ မြန်မာမှုအနုသုခုမလက်ရာများ လှပသေသပ်ခံ့ညားလာမည်ဖြစ်သည်။**

မာရဝိဇယရုပ်ပွားတော်ကြီးမတိုင်မီ နောင်တော် ရုပ်ပွားတော်တစ်ဆူကိုလည်း ဦးစွာထုဆစ်ရသေးသည်။ ထုဆစ်ရာတွင် အဆင့်မြင့်နည်းပညာများဖြင့် ပုံဖော်တွက်ချက်၍ အဆင့်မြင့်နည်းပညာစက်ကိရိယာများကို သုံးခဲ့ရပါသည်။ တွက်ချက်မှုမှားယွင်းပါက စကျင်ကျောက်တုံးကြီး ကွဲအက်ပျက်စီးသွားနိုင်သည်ဟုဆိုပါသည်။ သဘာဝဘေးဒဏ် ခံနိုင်အောင်အတွက်လည်း မြန်မာမှု တည်ဆောက်ရေးပညာများနှင့် တွဲစပ်၍ ခေတ်ပေါ်နည်းပညာများ ပါဝင်သည်ဟု သိရသည်။ တစ်နည်းအားဖြင့် မြန်မာတို့၏ ခေတ်မီနည်းပညာများဖြင့် တည်ဆောက်ရေးပညာများနှင့်အတူ ထိုနည်းပညာများကို မြန်မာမှုလက်ရာများဖြင့် ပေါင်းစပ်၍ ကျွမ်းကျင်ပိုင်နိုင်စွာဆောင်ရွက်နေပုံကို လေ့လာမိပါသည်။

## မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့်

မာရဝိဇယ ရုပ်ပွားတော်ကြီး တည်ဆောက်ရေးကာလသည် ယခုအချိန်ထိဆိုလျှင် ၁၁၁၈ ရက်ရှိခဲ့ပါပြီ။ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ဖြစ်ခဲ့ပုံမှာမူ ဤသို့ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်နိုင်ရေး စကျင်ကျောက်တော်ကြီးကို တပ်မတော်သို့ လွှဲအပ်လှူဒါန်းခဲ့ရာမှ စတင်ခဲ့သည်။ ထို့နောက် ၎င်းစကျင်ကျောက်တော်ကြီး တူးဖော်ရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် မတ်လ၌ အမြင့် ၆၅ ပေ၊ ရှေ့အလျား ၁၅၄ ပေ၊ ဒု ပေ၂၀ ရှိ A အဆင့်ရှိသော အကြမ်းထည်ကျောက်တော်ကြီးကို ပုံဖော်နိုင်ခဲ့ကြသည်။

ဆင်းတုတော်ကြီးကို ခေတ်အလိုက်တည်ထားကိုးကွယ်ခဲ့သည့် ရုပ်ပွားတော်များအနက် အကောင်းဆုံးဖြစ်သည့် ရတနာပုံခေတ်ဟန် ဘူမိဖဿပုံစံဖြင့် တည်ထားရန် ရွေးချယ်ခဲ့ကြသည်။ ယင်းမှာ ကိုလိုနီကာလအတွင်း ယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးသွားခဲ့ပြီးနောက် နောက်ဆုံးကျန်ရှိခဲ့သည့် ရတနာပုံခေတ်ဟန်ကိုယူရန် ဆုံးဖြတ်ခဲ့ကြပုံရသည်။ ဘုရားကြီးထုဆစ်ပူဇော်ရန် စဉ်းစားရာတွင်လည်း ဉာဏ်တော်ကို အဓိကထား၍ ထုံးတမ်းစဉ်လာများနှင့်အညီ တည်ထားနိုင်ရေး လိုအပ်သည့် ပစ္စည်းများကိုလည်း စီစဉ်ဆောင်ရွက်ခဲ့ကြသည်။

လိုအပ်သည့်စကျင်ကျောက်များကိုလည်း အခက်အခဲများစွာကြားမှ ကုန်းတစ်တန်၊ ရေတစ်တန်ဖြင့် သယ်ယူခဲ့ကြရသည်။ ကျောက်တုံးတော်ကြီးများ စတင်ပင့်ဆောင်ခြင်းအခမ်းအနားကို ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၃ ရက်နေ့က စတင်ခဲ့ပြီး ကျောက်တုံးကြီးများ ထိခိုက်မှုမရှိစေရေး စနစ်တကျဖြင့် ကိုးကြိမ်တိုင်ပင့်ဆောင်ခဲ့ရပါသည်။ တန်ချိန်အားဖြင့် ၈၁၅၈ တန်ရှိသော စကျင်ကျောက်တုံးကြီးများကို ရေလမ်းခရီးဖြင့် သယ်ဆောင်ခြင်းမှာ ကမ္ဘာပေါ်တွင် မှတ်တမ်းဝင်ခဲ့ပြီး စက်တင်ဘာလ ၁၈ ရက်နေ့တွင် ကျောက်တုံးတော်အားလုံး မြင်းခြံ ဆီမီးခုံဆိပ်ကမ်းသို့ ရောက်ရှိခဲ့ပါသည်။

ကုန်းလမ်းမှတစ်ဆင့် သယ်ယူခြင်းကိုမူ ၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့တွင် စတင်ခဲ့ကာ တန်ချိန် ၁၅၀၀ နှင့် ၂၀၀၀ ကြားသယ်နိုင်သည့် ကားများဖြင့် နေပြည်တော်သို့ ပင့်ဆောင်ခဲ့ရသည်။ ဆင်းတုတော်ကြီး တည်ထားရေးအတွက် အလေးချိန်အများဆုံး စကျင်ကျောက်အား အဝေးဆုံးသောရေလမ်းခရီး၊ အဝေးဆုံးသော ကုန်းလမ်းခရီးများဖြင့် သယ်ဆောင်ခဲ့ခြင်း လုပ်ငန်းစဉ်မှာပင် အံ့မခန်းဖွယ် ဂုဏ်ယူစရာပင်ဖြစ်နေပါသည်။

ဘုရားကြီးတည်ထားကိုးကွယ်ရေး ဆောင်ရွက်ရာတွင် နိုင်ငံ့ဂုဏ်ဆောင်၍ ခမ်းခမ်းနားနား ထင်ထင်ပေါ်ပေါ်ရှိစေရေး တည်ဆောက်ရန် ရည်ရွယ်ပြီး ဆောက်လုပ်ရေးလုပ်ငန်းများကို စနစ်တကျပုံဖော်ခဲ့ကြသည်။ မြေနေရာကို စနစ်တကျဖြင့် အကွက်ချတွက်ချက်ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများထံမှလည်း ဩဝါဒခံယူ၍ တလေးတစားဆောင်ရွက်ခဲ့ပါသည်။ စာမျက်နှာ ၇ သို့ ❉



ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီး။

**“အထူးကန့်သတ်ကုန်စည်တစ်မျိုးဖြစ်သော 5 axis နည်းပညာသုံး CNC စက်ဖြင့် ထုဆစ်ပူဇော်ထားခြင်းဖြစ်သည်။ ကွန်ပျူတာညွှန်ကြားချက်ဖြင့် ဝင်ရိုးငါးခုကို တစ်ပြိုင်နက်ရွှေ့လျားစေနိုင်ပြီး ရုပ်ထွေးသောစက်ပစ္စည်းအစိတ်အပိုင်းများကို ဖြတ်တောက်လုပ်ဆောင်နိုင်သည့်စက်မျိုးဖြစ်သည်။ သတ်မှတ်ကာလအချိန်အတွင်း ပြီးစီးစေရန် အရွယ်အစားကြီးမားလွန်းသော ဆင်းတုတော်ကြီးအတွက် တိကျသေချာစွာ ထုဆစ်နိုင်စွမ်းရှိမည့် Heavy Mega CNC စက်ကြီးဖြစ်သည်။ ဤစက်ကြီးကြောင့် ဆင်းတုတော်ရှိ မြန်မာမှုအနုသုခုမလက်ရာများ လှပသေသပ်ခံ့ညားလာမည်”**

❋ စာမျက်နှာ ၆ မှ

ဘာသာရေး ကြန်အင်လက္ခဏာရပ်များနှင့်အညီ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များကို ပြည့်စုံစွာထည့်သွင်း တည်ဆောက်ခဲ့ပြီး ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်း ပိဋကတ်သုံးပုံအား ပါဠိအက္ခရာ၊ Romanize Language ဖြင့် ရေးထိုးနိုင်ရေး ဆောင်ရွက်ခဲ့ကြပါသည်။

ထို့ပြင် ၎င်းပိဋကတ်သုံးပုံအား Application ဖြင့်ထည့်သွင်း၍ Tablet များတွင် ဖတ်ရှုနိုင်ရေးဆောင်ရွက်လျက်ရှိသည်။ ၎င်းပိဋကတ်ကျမ်းစာများကို ကမ္ဘာပေါ်ရှိ ဗုဒ္ဓဘာသာကိုးကွယ်သည့် ဘာသာရေးဌာနများသို့ ပေးပို့လှူဒါန်းသွားရန်လည်း စီမံထားပါသည်။ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဘွဲ့တော်အမည်ကိုလည်း ဆရာတော်ကြီးများ၏ မိန့်ကြားချက်အရ "မာရဝိဇယ" ဟူသည့် ဘွဲ့အမည်ကို ဆက်ကပ်ခဲ့ခြင်းဖြစ်ပါသည်။ ဒါ့အပြင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဥဏ္ဏာလုံမွေးရှင်တော်မြတ်ကပ်လှူပူဇော်ခြင်း၊ လက်မှုအချောသပ်လုပ်ငန်းနှင့် ဆေးသင်္ကန်းကပ်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် ဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ ဆောင်ရွက်ခဲ့သည်။

## ပုံဖော်ထုဆစ်ခြင်း

ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ခြင်းနှင့် ဗုဒ္ဓဥယျာဉ် တည်ဆောက်ခြင်းလုပ်ငန်းများကို အစီအစဉ်များအဆင့်ဆင့် ချမှတ်ဆောင်ရွက်ခဲ့သည်။ ဥယျာဉ်အတွင်း ချောင်းတူးဖော်ဖောက်လုပ်ခဲ့သလို မန္တလေးရတနာပုံခေတ် မင်္ဂလာတံတားပုံစံ တံတားတစ်စင်းကိုပါ ထည့်သွင်းကာ မျက်စိပသာဒဖြစ်ဖွယ် တည်ဆောက်ထားသည်။ ရုပ်ပွားတော်မြတ်ကြီး တည်ထားမည့်နေရာတွင် တန်ချိန် ၂၀၀၀၀ ခံနိုင်ရည်ရှိသည့် အောက်ခံခုံ တည်ဆောက်နိုင်ရန် ဘိုးပိုင်များရိုက်၍ ဆောင်ရွက်ခဲ့ရပြီး ပလ္လင်တော်အစိတ်အပိုင်းများ ပင့်ဆောင်နေရာချထားခြင်းနှင့် တွဲဆက်ခြင်းများကိုလည်း စနစ်တကျဆောင်ရွက်ခဲ့ပါသည်။ ပလ္လင်တော်အစိတ်အပိုင်းများကို ထုဆစ်ရာတွင် CNC စက်ကြီးများဖြင့် လှလှပပထုဆစ်ခဲ့ကြပါသည်။ အလားတူပင် သုခမ္မာဇရပ်များ တည်ဆောက်ရာတွင် ကျွန်းတိုင်များဖြင့် မြန်မာမှု၊ မြန်မာ့ဟန်အတိုင်း ရေးမူမပျက်ဆောက်လုပ်ကာ ဘုရားဖူးပြည်သူများ အနားယူအပန်းဖြေနိုင်ရန် ရည်ရွယ်သည်။

ပရိဝုဏ်အတွင်း ကျောက်စာချပ်ရေပေါင်း ၇၂၉ ချပ် စိုက်ထူမည်ဟု ရည်မှန်းထားကာ မန္တလေးမြို့ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားရှိ ပဉ္စသင်္ဂါယနာတင် ပိဋကတ်ကျောက်စာရုံများအား စံနမူနာထား၍ ကျောက်စာရုံစေတီများ တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။ သမိုင်းမော်ကွန်း ကျောက်စာထားရှိမည့် အလယ်ဗဟိုကျောက်စာရုံစေတီသည် ၂၁ ပေ x ၂၁ပေ x ၂၇ ပေရှိမည်ဖြစ်ပြီး အခြားကျောက်စာရုံစေတီများအနေဖြင့် ၁၂ ပေ x ၁၂ ပေx ၁၈ ပေနှင့် ကျောက်စာချပ်အနေဖြင့် ၄၅ လက်မ x ၆ ပေ ၃ လက်မ၊ ဒု ၇ ဒသမ ၂ လက်မ ရှိမည်ဖြစ်ပါသည်။

ရတနာပလ္လင်တော်ထက်၌ ဌာပနာထည့်သွင်းပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနားကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၇ ရက်နှင့် ဖေဖော်ဝါရီ ၁၀ ရက်တို့တွင် နှစ်ကြိမ်တိုင်ကျင်းပခဲ့ပြီး နိုင်ငံတစ်ဝန်းရှိ စေတနာရှင်၊ အလှူရှင်တို့က လှူဒါန်းထားသည့် အဖိုးတန် ကျောက်မျက်ရတနာများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့ပါသည်။ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် သာသနာ့ ဗိမာန်တော်ကြီးကိုလည်း သံဃာတော် အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့သည့် ၂၉၆ ပေ x ၂၁၃ ပေx ၉၄ ပေရှိ အဆောက်အအုံကြီးကို တည်ဆောက်ထားပါသည်။ ထို့ပြင် ၎င်းသာသနာ့ဗိမာန်တော်ကြီးသည် သိမ်သမုတ်ထားသည့် အဂ္ဂါဓိပတိဝိသုံဂါမ အမည်ရသိမ်တော်ကြီးလည်းဖြစ်ပါသည်။

ရင်ပြင်တော်ကြီး တည်ဆောက်ရာတွင် စိမ်းလန်းစိုပြည်စေကာ မျက်စိပသာဒဖြစ်စေရန် မြက်ခင်းများကိုလည်း ထည့်သွင်း တည်ဆောက်ထားသည်။ ဘုရားဖူးလာပြည်သူများ နေပူပြင်းသည့် အချိန်တွင် ဂန္ဓကုဋီတိုက်တော်များ အတွင်းမှ ဘုရားကြီးကို ဖူးမြော်ကြည်ညိုနိုင်ရန် ဂန္ဓကုဋီတိုက်များကိုလည်း စကျင်ကျောက်များ အသုံးပြု၍ မန္တလေးမြို့ အတုမရှိကျောင်းတော်၏ ပုံစံအတိုင်း အဆောင်တစ်ခုနှင့်တစ်ခု အနုသုခုမလက်ရာများ လုံးဝမတူညီသည့် အဆောင် ၂၄ ဆောင်ကို တည်ဆောက်ထားသည်။ ၎င်းအပြင် မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဘုရားရင်ပြင်တော်ပေါ်သို့ တက်ရောက်နိုင်ရေးအတွက် စက်လှေကားကိုလည်း ထည့်သွင်း တည်ဆောက်ထားသည်။ ဘုရားပရိဝုဏ်တော်အတွင်း အိန္ဒိယနိုင်ငံမှ လှူဒါန်းသည့် ဗောဓိညောင်ပင်၊ လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်များစသည့် ဗုဒ္ဓဘာသာဆိုင်ရာအပင်များကိုလည်း စိုက်ပျိုးထားရှိပြီး ရုပ်ပွားတော်ကြီး၏ ဘယ် / ညာနှစ်ဖက်တွင် လင်းလွန်းတောနှင့် အနောက်ဘက်တွင် လင်းလွန်းပင်နှင့် လုမ္ဗိနီအင်ကြင်းပင်များကို စနစ်တကျစိုက်ပျိုးထားရှိသည်။

## ကောင်းမှုကံကိုဖြစ်စေမည့် ဤဒါန

အလွန်အားရစရာကောင်းသည်မှာ ဤတည်ထားကိုးကွယ်သော မာရဝိဇယရုပ်ပွားတော်မြတ်နှင့် ပတ်သက်၍ စီမံကိန်းစသည့် အခါကာလကထက် အများပြည်သူများ စိတ်ဝင်တစား ကြည်ညိုသဒ္ဓါပွားမှု များပြားလာနေခြင်းပင်ဖြစ်သည်။ မြန်မာတို့သည် အလှူဒါနအရာတွင် ရက်ရောသူများဖြစ်သည်မှာ ဘာသာသာသနာအတွက် အထူးအားရစရာ ကောင်းလှပါသည်။ နောင်ဘဝ နောင်သံသရာကို ယုံကြည်သူများဖြစ်သည့်အားလျော်စွာ ဆင်းရဲသူကလည်း ဆင်းရဲသည့်အလျောက်၊ ချမ်းသာသူကလည်း ချမ်းသာသည့်အလျောက် တချို့ကလည်း မိမိတို့မှာ ပိုင်ဆိုင်သမျှ စွန့်လွှတ်လှူဒါန်းကြသည်ကို တွေ့ရသည်။ တစ်ရာ၊ တစ်ထောင် ကျပ်ငွေဂဏန်းမှသည် ရွှေစင်ကျောက်မျက် ကျောက်မျိုးစုံ ပိဿာချိန်ရာဂဏန်းမျှလည်းကောင်း၊ အလှူငွေအားဖြင့် ၂၉-၆-၂၀၂၃ ရက်နေ့ တစ်ရက်တည်းတွင် အလှူရှင် ၁၀၁ ဦးက လှူဒါန်းသောအလှူငွေ ၁၆ ဒသမ ၁၇၇ ဘီလီယံ အပါအဝင် စုစုပေါင်းလှူဒါန်းငွေဘီလီယံ ၂၀ နီးပါးရှိခဲ့ပါပြီ။

## များပြားလှသော အကျိုးတရားများနှင့် ထပ်တူရကြပါစေ

ဤမာရဝိဇယရုပ်ပွားတော်မြတ်ကြီး လက်ရှိ တည်ထားကိုးကွယ်နေမှု၊ မကြာမီ ပြီးစီးအောင်မြင်တော့မည့် အနေအထားများနှင့်အတူ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးတွင် ကောင်းခြင်းမင်္ဂလာများလည်း ဖြစ်ထွန်းလာပါတော့မည်။

**စေတီတည်ရခြင်းအကျိုး၊ တည်သောစေတီတွင် ပါဝင်ကုသိုလ်ပြုလှူဒါန်းရခြင်း၊ ပါဝင်တည်ဆောက်ခွင့်ရခြင်း အကျိုးများကြောင့် ကျွန်ုပ်တို့ဗုဒ္ဓဘာသာဝင်အပေါင်းတို့ မြတ်ဗုဒ္ဓပွင့်ရာအရပ်မှာပင် လူပြန်ဖြစ်ခွင့် ကြုံနိုင်ပါပြီ။ ကိုယ်အင်္ဂါမချို့တဲ့ မြတ်သောဘဝရဖို့ရန် သေချာခဲ့ပါပြီ။ အပါယ်သို့မလား၊ ဒွန်းစဏ္ဍားလည်းမဖြစ်၊ ယုတ်မာသောအမျိုးမှာလည်း မဖြစ်တော့ပြီ။ ကျွန်အမျိုးလည်းမဖြစ်၊ လောကငရဲလည်း ကျစရာမလိုတော့ပါ။**

**ရွှေအဆင်းနှင့် တင့်တယ်သည့်ဘဝမှာ မြင်သူအပေါင်း၏ ချစ်ခင်မှုကိုရပြီး ဘုန်းတန်ခိုးလည်း ကြီးမားလာမည်။ သံသရာအဆက်ဆက် လာဘ်လာဘရွှင်ပြီး စည်းစိမ်ဥစ္စာပြည့်စုံသည့်ဘဝမှာ ကြံစည်သမျှ အောင်မြင်ပါလိမ့်မည်။ နတ်မင်း၊ စကြဝတေးမင်း၊ သိကြားမင်း၊ ပဒေသရာဇ်မင်း အကြိမ်ကြိမ်ဖြစ်နိုင်သည်ဟုလည်း ကြားဖူးနားဝရှိသည်။ ဘုရားဆုပန် ပစ္စေကဗုဒ္ဓါဆုလည်း ရနိုင်သည်။ ပညာရဲရင့် ပွဲလယ်တင့်၍ အကြားအမြင် ထက်မြက်သူဖြစ်လာမည်။ နောက်ဆုံးတော့ နိဗ္ဗာန်ရွှေပြည်သို့ပင် ဆိုက်လိမ့်မည်ဖြစ်သည်။ များစွာသော အကျိုးကျေးဇူးများပင်တည်း။**

**ဤမျှဆိုလျှင် သမိုင်းတစ်လျှောက် ကြီးကျယ်ခမ်းနား မွန်မြတ်သပ္ပာယ်လှသော မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ခွင့်ရမည့်ကာလတစ်ခုဆီကား တဖြည်းဖြည်းနီးကပ်လာပါပြီ။ လှူတတ်လျှင် မြတ်သည့်အတွက် ဤသို့သောဒါနအပါအဝင် ကုသိုလ်ရေးအားလုံးမှာ ပါဝင်လှူဒါန်းခွင့်ရနိုင်ရေး စိတ်ဝင်စားစွာဖြင့် အာရုံစိုက်စေချင်ပါသည်။**

ဥဏ်ပညာ ရှေ့ဆောင်သည့် စေတနာသဒ္ဓါတရားနှင့်အတူ ယခုလိုကာလဒါနမျိုးကို လှူဒါန်းခွင့်၊ တည်ထားခွင့်၊ ဖူးမြော်ပူဇော်ခွင့်ရရှိသည့်အတွက် ကျွန်ုပ်တို့အားလုံး ကံကောင်းကြပါစေ၊ ဤရုပ်ပွားတော်မြတ်ကြီးနှင့်အတူ ကျွန်ုပ်တို့အားလုံး ဒုဗ္ဘိက္ခန္တရကပ်၊ ရောဂန္တရကပ်၊ သတ္ထန္တရကပ်အပေါင်းမှလည်း ကင်းဝေးကြပါစေ။ ဤစေတီတော်ကြီးနှင့်အတူ ယခုပစ္စုပ္ပန်ဘဝမှာကော နောင်ဘဝသံသရာများအတွက်ပါ ရရှိခံစားနိုင်ကြပါစေဟူ၍သာ. ... ဆုတောင်းလိုက်ရပါသည်။ ။



မာရဝိဇယဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမ သိမ်တော်ကြီးကို တွေ့ရစဉ်။

> **"ဤမျှဆိုလျှင် သမိုင်းတစ်လျှောက် ကြီးကျယ်ခမ်းနား မွန်မြတ်သပ္ပာယ်လှသော မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ခွင့်ရမည့် ကာလတစ်ခုဆီကား တဖြည်းဖြည်း နီးကပ်လာပါပြီ။ လှူတတ်လျှင် မြတ်သည့်အတွက် ဤသို့သောဒါန အပါအဝင် ကုသိုလ်ရေးအားလုံးမှာ ပါဝင်လှူဒါန်းခွင့်ရနိုင်ရေး စိတ်ဝင်စားစွာဖြင့် အာရုံစိုက်စေချင်"**

# (၅)ကြိမ်မြောက် အာရှ-ဥရောပဖောင်ဒေးရှင်း၏ လူငယ်ခေါင်းဆောင်များ တွေ့ဆုံပွဲ (5th ASEF Young Leaders Summit - ASEFYLS5) ပါဝင်လျှောက်ထားနိုင်

(၅)ကြိမ်မြောက် အာရှ-ဥရောပဖောင်ဒေးရှင်း၏ လူငယ်ခေါင်းဆောင်များ တွေ့ဆုံပွဲ (5th ASEF Young Leaders Summit – ASEFYLS5)ကို **"လူ့အဖွဲ့အစည်းအတွင်း ခေါင်းဆောင်မှုပညာ"**ခေါင်းစဉ်ဖြင့် ၂၀၂၃ ခုနှစ် နွေလမှ ဒီဇင်ဘာလအထိ Virtual စနစ်ဖြင့်လည်းကောင်း၊ စပိန်နိုင်ငံ Salamanca မြို့တွင်လည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံမှ အသက် (၁၈)နှစ်မှ (၃၀)နှစ်အတွင်းရှိ ရပ်ရွာဒေသတွင်း ခေါင်းဆောင်မှု အတွေ့အကြုံရှိပြီး အင်္ဂလိပ်ဘာသာစကားကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောဆိုရေးသားနိုင်သည့် လူငယ်ကိုယ်စားလှယ်များ ပါဝင်လျှောက်ထားနိုင်ပါသည်။

## ကျင်းပပြုလုပ်ခြင်းဖြစ်

အဆိုပါတွေ့ဆုံပွဲအား လူငယ်များအတွက် ဦးဆောင်မှုအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်စေရန်၊ ၎င်းတို့အချင်းချင်းအကြား သင်ယူနိုင်ရန်၊ အာရှ-ဥရောပနိုင်ငံများမှလူငယ်များ အချင်းချင်းအကြား ၎င်းတို့၏ သက်ဆိုင်ရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို အပြန်အလှန်မျှဝေ၍ နားလည်သဘောပေါက်လာစေရန်နှင့် အနာဂတ်ကာလ ပူးပေါင်းဆောင်ရွက်မှုများ၏ အခြေခံအုတ်မြစ်များကို တည်ဆောက်နိုင်ရန် ရည်ရွယ်၍ အပိုင်း (၃)ပိုင်းဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး (၄.၈. ၂၀၂၃) ရက်နေ့မှ (၂၈.၈.၂၀၂၃) ရက်နေ့အထိ ခေါင်းဆောင်မှုပညာနှင့်စပ်လျဉ်း၍ အသိပညာဗဟုသုတများ မြှင့်တင်ဆောင်ရွက်ခြင်းခေါင်းစဉ်အား Virtual စနစ်ဖြင့်လည်းကောင်း၊(၁၂.၉.၂၀၂၃)ရက်နေ့မှ (၁၆.၉.၂၀၂၃) ရက်နေ့အထိ လူငယ်တွေ့ဆုံပွဲအား စပိန်နိုင်ငံ၊ Salamaca မြို့တွင်လည်းကောင်း၊ (၁၈.၉.၂၀၂၃) ရက်နေ့မှ (၅.၁၂.၂၀၂၃)ရက်နေ့အထိ လက်တွေ့ဘဝတွင် ရင်ဆိုင်နေရသည့် ခေါင်းဆောင်မှုပညာဆိုင်ရာ စိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ခြင်းခေါင်းစဉ်အား Virtual စနစ်ဖြင့်လည်းကောင်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ပါဝင်လျှောက်ထားလိုသည့် လူငယ်ကိုယ်စားလှယ်များအနေဖြင့် (၉.၇.၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ https://asef.org/news/how-can-youth-lead-for-the-next-stage-of-society-society-5-0-open-call-for-participants-for-the-5th-asef-young-leaders-summit-asefyls5/ သို့ တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုပါက asefyls@asef.org သို့ ဝင်ရောက် ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ပါသည်။

**လူငယ်ရေးရာဦးစီးဌာန**

# နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ ကိုယ်စားလှယ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



**နေပြည်တော် ဇူလိုင် ၆**

နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ လက်ခံတွေ့ဆုံပြီး ဒေသတည်ငြိမ်အေးချမ်းရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းနောက် နိုင်ငံတော်၏ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် မွန်ပြည်သစ်ပါတီ(NMSP) ကိုယ်စားလှယ်အဖွဲ့တို့သည် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ဒုတိယနေ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ မွန်ပြည်သစ်ပါတီ(NMSP)ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်း၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များဖြစ်ကြသည့် နိုင်ဗညားလယ်နှင့် နိုင်အောင်မငေးတို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ ကျင်းပမည့်ရည်ရွယ်ချက်နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထို့နောက် ယခင်ဆွေးနွေးပွဲများမှရရှိသည့် သဘောတူညီချက်များကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ပြန်လည်စုစည်း၍ သဘောတူညီချက်များအဖြစ် လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ဆက်လက်၍ မွန်ပြည်သစ်ပါတီ(NMSP) ဒုတိယဥက္ကဋ္ဌ နိုင်အောင်မင်းနှင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်တို့က နိဂုံးချုပ်အမှာစကား ပြောကြားကြပြီး ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ဝေသော ကမ္ဘောဇရေးရာ၊ မြန်မာ့ရေးရာ၊ တိုင်းရင်းသားရေးရာစာအုပ်များနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၄၄)ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပ





**နေပြည်တော် ဇူလိုင် ၆**

(၄၄) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ (44th ASEAN Senior Officials Meeting on Drug Matter and Its Related Meeting– ASOD)ကို မြန်မာနိုင်ငံက အလှည့်ကျအိမ်ရှင်အဖြစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။

ဦးစွာ ASEAN သီချင်းဖြင့် ဖွင့်ပွဲအခမ်းအနားကို ဖွင့်လှစ်ပြီး ASEAN နိုင်ငံများ၏ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ဆောင်ရွက်ချက်များ Video Clip ကို ပြသသည်။

ထို့နောက် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အတွင်းရေးမှူး ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်က အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့တိုးတက်လာသည့် ခေတ်စနစ်အခြေအနေနှင့် နည်းပညာဆန်းသစ်မှုများအရ မူးယစ်ဆေးဝါးပြဿနာသည် လွန်စွာရှုပ်ထွေးလာပြီး တရားမဝင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ခြင်းနှင့် မှောင်ခိုလုပ်ငန်းများသည် အာဆီယံဒေသတွင်း သာမက ကမ္ဘာ့နိုင်ငံတိုင်း ရင်ဆိုင်ကြုံတွေ့နေရသည့် အန္တရာယ်အရှိဆုံး ပြဿနာတစ်ရပ် ဖြစ်ပါကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်မှုပုံစံနှင့် လမ်းကြောင်းများ ပြောင်းလဲသွားခြင်းသည် တားဆီးနှိမ်နင်းရေး လုပ်ငန်းများအပေါ် စိန်ခေါ်မှုအခက်အခဲများကို ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ယနေ့ကမ္ဘာ့နိုင်ငံအများစု၏ မျိုးဆက်သစ်လူငယ်များ အကြားတွင်လည်း အလွယ်တကူဝယ်ယူရရှိနေသည့် လူလုပ်မူးယစ်ဆေးဝါးသုံးစွဲမှုများသည် များပြားလာကြောင်း၊ Happy Water ကဲ့သို့ စိတ်ပြောင်းဆေးဝါးအသစ်များသည်လည်း နေ့စဉ်နှင့်အမျှ ပုံစံအမျိုးမျိုးဖြင့် ပေါ်ထွက်လျက်ရှိနေခြင်းကြောင့် အနာဂတ်ကာလ မူးယစ်ဆေးဝါးပြဿနာ၏ စိန်ခေါ်မှုအသစ်များနှင့် ဆက်လက်ရင်ဆိုင်နေရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှု အခြေအနေများနှင့် သယ်ဆောင်ရာ လမ်းကြောင်း ပြောင်းလဲမှုများအပေါ် သုံးသပ်ပြီး အထူးစစ်ဆင်ရေးများကို စနစ်တကျ စီမံချက်ချမှတ်ကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၂၂ ခုနှစ်အတွင်း လာအို၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်ခဲ့သည့် Operation 1511/22 သည် အောင်မြင်မှုများရရှိခဲ့ပါကြောင်း၊ လက်ရှိတွင်လည်း မူးယစ်ဆေးဝါးနှင့် ပရိကာဆာဓာတုပစ္စည်းများ တားဆီးနှိမ်နင်းရေးဆိုင်ရာ အထူးစစ်ဆင်ရေး Operation 39 ကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ ဇူလိုင် ၃၁ ရက်အထိ မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဆောင်ရွက်လျက်ရှိကြောင်း။

အာဆီယံနိုင်ငံများ အချင်းချင်း သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ မျှဝေဖလှယ်မှုများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်သွားရန်လိုအပ်ကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်သည် လူသားမျိုးနွယ်အားလုံးကို နည်းမျိုးစုံဖြင့် ခြိမ်းခြောက်စိန်ခေါ်လျက်ရှိသည့်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း နိုင်ငံရေး ရောယှက်မှုကင်းရှင်းစွာဖြင့် အတူတကွပူးပေါင်းကာ တူညီသောဘုံရည်မှန်းချက်ဖြင့် နီးကပ်စွာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် (၄၃) ကြိမ်မြောက် ASOD အစည်းအဝေးကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် မလေးရှားနိုင်ငံ ASOD ခေါင်းဆောင်က (၄၄)ကြိမ်မြောက် ASOD အစည်းအဝေး အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် မြန်မာနိုင်ငံ ASOD ခေါင်းဆောင် ရဲမှူးချုပ်ဝင်းနိုင်ထံ သဘာပတိတာဝန်ကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်ဝင်းနိုင် ဦးဆောင်သော ကိုယ်စားလှယ်များနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ASOD ခေါင်းဆောင်များ ဦးဆောင်သည့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံး၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့(AFP)တို့မှ ကိုယ်စားလှယ်များသည် ဒေသတွင်း မူးယစ်ဆေးဝါးပြဿနာ ဖြေရှင်းရေး ဆောင်ရွက်နေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ ယခင်အစည်းအဝေးများ၏ ရလဒ်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှု၊ အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှု၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ကုလသမဂ္ဂ မူးယစ်ဆေးဝါး ကော်မရှင် (Commission on Narcotic Drug–CND)၏ အဖွဲ့ဝင်အဖြစ် ပါဝင်ဆောင်ရွက်နေမှုနှင့် (၆၇)ကြိမ်မြောက် CND အစည်းအဝေးတွင် အာဆီယံကြေညာစာတမ်း တင်ပြနိုင်ရေးကိစ္စရပ်များ၊ 45th ASOD အစည်းအဝေး ကျင်းပနိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဇူလိုင် ၅ ရက်တွင် 44th ASOD လုပ်ငန်းအဖွဲ့ ငါးဖွဲ့ ဖြစ်သော ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးရေး လုပ်ငန်းအဖွဲ့၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းအဖွဲ့၊ အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့နှင့် သုတေသနလုပ်ငန်းအဖွဲ့တို့၏ အစည်းအဝေးများကျင်းပခဲ့ပြီး အာဆီယံအဖွဲ့ဝင် (၁၀)နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကာ အစည်းအဝေးတွင် ပြည်သူလူထုအား မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး ဆောင်ရွက်နေမှုများ၊ ဆေးစွဲလူနာများကုသပေးမှု အခြေအနေများနှင့် လူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရေး ဆောင်ရွက်နေမှုများ၊ အစားထိုးဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ ဒေသတွင်း/ဒေသပြင်ပ မူးယစ်ဆေးဝါး အခြေအနေများနှင့် ပရိကာဆာဓာတုပစ္စည်း ထိန်းချုပ်ရေး ပူးပေါင်းဆောင်ရွက်မှုများ၊ ပိုမိုကြီးထွားလာသည့် လူလုပ်မူးယစ်ဆေးဝါး ပြဿနာဆိုင်ရာ ကိစ္စရပ်များ၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြောင်းနှင့် 44th ASOD အစည်းအဝေးသို့ အာဆီယံနိုင်ငံများ အပါအဝင် မိတ်ဖက်နိုင်ငံများ ဖြစ်သော တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ ရုရှားနိုင်ငံ၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး (UNODC)၊ ဩစတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့(AFP)တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး ဇူလိုင် ၇ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ China-ASEAN Forum on Emerging Industry သို့ တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော်　ဇူလိုင်　၆**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စက်မှုနှင့် သတင်း အချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနက ကြီးမှူး၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်တုံးပြည်နယ် ရှန်းကျန်းမြို့၌ ဇူလိုင် ၄ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့သည့် China–ASEAN Forum on Emerging Industry သို့ တက်ရောက်ပြီး ယနေ့ မွန်းလွဲပိုင်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိကြသည်။

**ကြိုဆို**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး စီးပွားရေးသံမှူး Mr. Ouyang Daobing နှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော်　ဇူလိုင်　၆**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မှူပိုင်ခွင့်ဦးစီးဌာနရုံးဝင်းအနီး၌ ကျင်းပသည်။

**စိုက်ပျိုး**

ဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပြီး ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ကျွန်းပင်နှင့် ပျဉ်းကတိုးပင်များကို ဆက်လက်စိုက်ပျိုးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

**အောင်မြင်ဖြစ်ထွန်း**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို နှစ်စဉ်ကျင်းပဆောင်ရွက်လျက်ရှိပြီး ယခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် ရတနာတန်းဝင်ကျွန်းပင် ၁၀၀၊ ပျဉ်းကတိုးပင် ၁၀၀၊ ဒန့်သလွန်ပင် ၂၀၀ စိုက်ပျိုးမည်ဖြစ်ပြီး ရုံးအမှတ်(၃)နှင့် ရုံးအမှတ်(၅၂)တို့တွင် ယခင်စိုက်ပျိုးပြီးသော စိန်တလုံးသရက်ပင် ၁၁၀၀၀၊ ပတ္တမြားငမောက်သရက်ပင် ၇၀၀၊ ရတနာ တန်းဝင်ကျွန်းပင် ၂၀၀၀၊ ပျဉ်းကတိုးပင် ၃၀၀၊ မဟော်ဂနီပင် ၁၅၀၊ မန်ကျန်ရှားပင် ၁၅၀၊ ဝါးပိုးဝါးပင် ၁၀၀၀ နှင့် ပန်းအလှပင်များ၊ အရိပ်ရလေကာ နေကာပင်များ၊ စားသုံးသီးနှံပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




# ကလေးမြို့၌ လုပ်ငန်းခွင်သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုထုတ်ပေး

**ကလေး　ဇူလိုင်　၆**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင် မှတ်ပုံတင်ထားသော မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ အာမခံအလုပ်သမား ဦးညွန့်မောင်၏ လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကလေးမြို့နယ် စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



အဆိုပါ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှစိုးက အဖွင့်အမှာစကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒေါ်ကေသီခိုင်က ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေအကြောင်း သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် လုပ်ငန်းခွင်ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် နာရေးစရိတ် ငွေကျပ်ကိုးသိန်းကို ထုတ်ပေးပြီးဖြစ်၍ ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်း ငွေကျပ် ၉၀၀၀၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်စီစီမာထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မင်္ဂလာဒုံမြို့နယ်၌ စပါးမျိုးစေ့ချ ကိရိယာဖြင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲ ကျင်းပ

**မင်္ဂလာဒုံ　ဇူလိုင်　၆**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ကောက်စိုက်စက်ဖြင့် ၁၀ တန်းသွား တိုက်ရိုက်စပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းသရုပ်ပြပွဲကို မင်္ဂလာဒုံမြို့နယ် ဇေရာဇ်ကျေးရွာ ကွင်းအမှတ် (၅၀၇-က) ဦးပိုင်အမှတ်(၃၈) တောင်သူ ဦးကျော်ကျော်အောင်၏ လယ်မြေလေးဧက၌ ယနေ့ နံနက် ၈ နာရီခွဲက ပြုလုပ်ဆောင်ရွက်သည်။

စက်ဖြင့် တိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ဦးစီးမှူး ဒေါ်ငွေးစန္ဒာညွန့်က စပါးတိုက်ရိုက်မျိုးစေ့ချစိုက်ပျိုးခြင်းနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန် စည်းကမ်းများနှင့် ရရှိမည့် အကျိုးကျေးဇူးများကို တက်ရောက်လာကြသည့် တောင်သူ ၃၀ အား ပညာပေးဆွေးနွေးသည်။

အဆိုပါ စိုက်ပျိုးသရုပ်ပြပွဲသို့ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ခရိုင်/မြို့နယ် စက်မှုလယ်ယာဦးစီးမှူးနှင့် စိုက်ပျိုးရေးဦးစီးမှူး၊ စက်မှုလယ်ယာနှင့် စိုက်ပျိုးရေးဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ **မြင့်ဦး**

# လားရှိုးမြို့၌ ဇီဝဆိုင်ရာအချက်အလက် စာရင်းကောက်ယူခြင်း ဆောင်ရွက်



**လားရှိုး　ဇူလိုင်　၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ နိုင်ငံသားတစ်ဦးချင်း၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းကို ယမန်နေ့က လားရှိုးမြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**ကြည့်ရှုအားပေး**

ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက် ကောက်ယူရာသို့ လားရှိုးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒုတိယပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလင်းအောင်နှင့် ဝန်ထမ်းများက အချက်အလက်ကောက်ယူခြင်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး**

# အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ

တွေ့ဆုံမေးမြန်း- ဝင်းဝင်း

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာန (Disaster Management Center- DMC) သည် မိုခါမုန်တိုင်းနှင့်ပတ်သက်၍ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ပေးသည့် ဗဟိုဌာနဖြစ်သည်။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ၁၂ ခုကို ဖွဲ့စည်းထားရှိပြီး အဆိုပါလုပ်ငန်းကော်မတီများသည် DMC တွင်စုဖွဲ့ကာ မိုခါမုန်တိုင်းနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများကို အရေးပေါ်တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်။ လုပ်ငန်းကော်မတီ ၁၂ ခု အနက် တစ်ခုအပါအဝင်ဖြစ်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်၍ ကော်မတီအတွင်းရေးမှူး သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်နှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည်-

**မေး။ ။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်း ကော်မတီအနေနဲ့ မိုခါမုန်တိုင်းနဲ့ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုလုပ်ငန်းတွေကို ဘယ်လိုဆောင်ရွက်ခဲ့တယ်ဆိုတာ ပြောကြားပေးစေလိုပါတယ်။**

**ဖြေ။** ။ ကျွန်တော်တို့ကော်မတီရဲ့ လုပ်ငန်းတာဝန်တွေထဲမှာ အသက်မွေးဝမ်းကျောင်း ကဏ္ဍအလိုက် ကြိုတင် ပြင်ဆင်ရေးဆွဲထားခြင်းနဲ့ ပြန်လည်ထူထောင်ရေးအပိုင်း ဆိုပြီး ပါဝင်တယ်။ ကြိုတင်ပြင်ဆင်မှုအနေနဲ့ ကော်မတီမှာပါဝင်တဲ့ ဌာနအလိုက် အစီအမံတွေ ရေးဆွဲဆောင်ရွက်တာနဲ့ ပြန်လည်ထူထောင်ရေးအပိုင်းမှာ အစောပိုင်းကာလ ပြန်လည်ထူထောင်ရေးနဲ့ ရေရှည်ပြန်လည်ထူထောင်ရေးတို့ ပါဝင်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ မုန်တိုင်းသင့်ဒေသတွေက အလွယ်တကူရွှေ့ပြောင်းနိုင်ရေးနဲ့ သန့်ရှင်းတဲ့သောက်သုံးရေ ဖြန့်ဝေပေးနိုင်ရေးအတွက် တစ်နာရီ ရေဂါလန် ၅၀၀ မှ ၈၀၀ အထိ သန့်စင်ပေးနိုင်တဲ့ ရေသန့်စင်ကား ၁၀ စီးနဲ့ ရေသယ်ယာဉ် ၂၈ စီးကို ကြိုတင်ဖြန့်ခွဲထားခဲ့ပါတယ်။

ရေသန့်စင်စနစ် Life-Straw Community တွေ၊ Hygiene Kit(A)(B)၊ ကလိုရင်း Bleaching Powder၊ လီတာ ၂၀ ဆံ့ရေပုံးတွေကို ကြိုတင်ပြင်ဆင်ဖြန့်ဝေခဲ့ပါတယ်။ ကလိုရင်း(40kg)ပုံး ၁၆၇ ပုံး၊ ရေသန့်ဆေးပြားဘူး ၄၀၊ Hygiene Kit(A) ပုံး (၂၀၀)နဲ့ ၂၀ လီတာ ဆံ့ရေပုံး ၂၀၀ ကို မုန်တိုင်းသင့်ဒေသတွေကို ဖြန့်ဝေနိုင်ရေး အသင့်ပြင်ဆင်ထားရှိခဲ့ပါတယ်။

အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေနဲ့ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်း၊ ထောက်ပံ့ရေးပစ္စည်းတွေကို အသင့်ပြင်ဆင်ထားခဲ့ပါတယ်။ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနအနေနဲ့ လုပ်ငန်းဆောင်ရွက်ဖို့ လိုအပ်တဲ့ မတည်ချေးငွေရရှိရေးနဲ့ လုပ်ငန်းလုပ်ကိုင်နိုင်ရေး အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးနိုင်ရေး စီမံထားခဲ့ပါတယ်။ ဒါ့အပြင် အသက်မွေးဝမ်းကျောင်းသင်တန်းတွေ ဖွင့်လှစ်ပေးနိုင်ဖို့ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနနဲ့ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတို့ကလည်း ကြိုတင်စီမံထားရှိပါတယ်။

စားသုံးသူရေးရာ ဦးစီးဌာနအနေနဲ့ နိုင်ငံတော်အရန်ဆန်တန်ချိန် တစ်သောင်း၊ ဆန်အိတ်နှစ်သိန်း ဝယ်ယူစုဆောင်းနိုင်ရေးအတွက် ကြိုတင်တင်ပြဆောင်ရွက်ထားပါတယ်။

သားငါးကဏ္ဍအနေနဲ့ ငါးသားပေါက်တွေ ကြိုတင်စုဆောင်းထားရှိတာ၊ သတိပေးနှိုးဆော်စာတွေ ထုတ်ပြန်တာ၊ မွေးမြူရေးကဏ္ဍအနေနဲ့ တိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကာကွယ်ဆေးထိုးနှံတာ၊ ကာကွယ်ဆေးတွေ စုဆောင်းဖြန့်ဖြူးထားတာ၊ တိရစ္ဆာန်တွေကို ကုန်းမြင့်ရှိတဲ့နေရာတွေကို ရွှေ့ပြောင်းနိုင်ရေး အသိပေးကြေညာတာတွေ ဆောင်ရွက်ခဲ့ပါတယ်။

စိုက်ပျိုးရေးကဏ္ဍအနေနဲ့ မျိုးစပါး စုဆောင်းတာ၊ ခတ်မြေဩဇာစုဆောင်းထားရှိတာ၊ သီးနှံသိုလှောင်ရုံတွေ ပြင်ဆင်ထားတာ၊ စိုက်ပျိုးထားရှိတဲ့ နွေစပါးတွေ အချိန်မီရိတ်သိမ်းနိုင်ရေး နှိုးဆော်စာထုတ်ပြန်တာတွေ ဆောင်ရွက်ခဲ့ပါတယ်။

သမဝါယမကဏ္ဍမှာ အသင်းသားတွေအတွက် လိုအပ်တဲ့အရင်းအနှီး၊ သွင်းအားစု၊ လုပ်ငန်းသုံးပစ္စည်းတွေ ထောက်ပံ့ပေးနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးတာ၊ စိုက်ပျိုးရေးမှာလိုအပ်တဲ့ သဘာဝမြေဩဇာ ဖြန့်ဖြူးပေးနိုင်ရေး၊ လယ်ယာမြေတွေ ထွန်ယက်ပေးရေး၊ သီးနှံရိတ်သိမ်းခြွေလှေ့မှုတွေ ဆောင်ရွက်နိုင်ရေးပြင်ဆင်ခဲ့ပါတယ်။


ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်

ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနအနေနဲ့ ကယ်ဆယ်ရေးပစ္စည်းတွေကို သတ်မှတ်အိမ်ထောင်စာ အရန်သိုလှောင်ထားရှိသလို အရေးပေါ်တုံ့ပြန်ရေးပစ္စည်းတွေဖြစ်တဲ့ ဖိုက်ဘာစက်လှေ၊ အသက်ကယ်အင်္ကျီ၊ ဗောကွင်း၊ ကြိုးခွေ၊ ချိန်းဆော၊ မိုးကာတဲ၊ တာပေါ်လင်လိတ်၊ သွပ်၊ မီးစက်စတာတွေကို ကြိုတင်ဖြန့်ခွဲထောက်ပံ့တာတွေ ဆောင်ရွက်ခဲ့ပါတယ်။

လူမှုဝန်ထမ်း ဦးစီးဌာနအနေနဲ့ အရေးပေါ်အခြေအနေမှာ လိုအပ်တဲ့ စားရေရိက္ခာခြောက် ဝယ်ယူစုဆောင်းတာရှိသလို သဘာဝဘေးအန္တရာယ်ကြုံတွေ့ရစဉ် ရွှေ့ပြောင်းနေထိုင်ရာစခန်းတွေမှာ နေထိုင်ရရင် ကျား/မ ရေးရာ အခြေပြုအကြမ်းဖက်မှုတွေ၊ လူကုန်ကူးခံရမှုတွေ ဖြစ်ပေါ်နိုင်တဲ့အတွက် ကြိုတင်အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်တာ၊ အမျိုးသမီးတွေအတွက် လိုအပ်တဲ့ Diginity Kit တွေ ပံ့ပိုးတာတွေကို စီမံဆောင်ရွက်ခဲ့ပါတယ်။

**မေး။ ။ မုန်တိုင်း ဝင်ရောက်ပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေမှုကို သိလိုပါတယ်။**

**ဖြေ။** ။ စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ ရခိုင်ပြည်နယ်အတွက် လာမယ့်မိုးရာသီစိုက်ပျိုးမယ့် မျိုးစပါးတင်း ၆၆၃၃၀ လိုအပ်လျက်ရှိရာ အလှူရှင်တွေက လှူဒါန်းမယ့် မျိုးစပါးတင်း ၅၄၀၀ နဲ့ ပြင်ပမျိုးထုတ်လုပ်သူတွေက မျိုးစပါး တင်း ၆၀၉၃၀ ဝယ်ယူပြီး ရခိုင်ပြည်နယ်ကို ပေးပို့နိုင်ရေးအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို တင်ပြတောင်းခံထားပါတယ်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးတို့ကနေ ခိုင်းကျွဲတစ်ကောင် ငွေကျပ် ၁၅ သိန်းနဲ့ ၁၁၆ ကောင် ဝယ်ယူပြီး ရေကြောင်းနဲ့ ပို့ဆောင်ဖို့ ဆောင်ရွက်နေပါတယ်။ ရခိုင်ပြည်နယ်မှာ တိရစ္ဆာန်ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ကာကွယ်ဆေး ၁၀၀၀၉၉ ကောင် ထိုးနှံထားပြီး ကာကွယ်ဆေး ကုသဆေးတွေလည်း ဖြန့်ဖြူးထားရှိပြီးဖြစ်ပါတယ်။

အမျိုးသားသဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်မှာ ငွေကျပ်သန်း ၁၅၀ နဲ့ တိရစ္ဆာန်သုံးဆေးဝါး ၁၃ မျိုးတွဲပါအတွဲ ၁၂၅၀၊ တိရစ္ဆာန်အစာအတွက် ငွေကျပ်သန်း ၁၀၀ ခွင့်ပြုထားပြီး တိရစ္ဆာန်အစာတန်ချိန် ၆၀ ခန့် ဝယ်ယူစုဆောင်းရေး ဆောင်ရွက်လျက်ရှိပါတယ်။

ရခိုင်ပြည်နယ်မှာ ပုစွန်သားပေါက်စခန်းသုံးခုရှိပြီး ဒီသားပေါက်စခန်းတွေက ရေငန်ပုစွန်သားပေါက်ထုတ်လုပ်တဲ့ ရာသီချိန် နိုဝင်ဘာမှဧပြီလအတွင်း သားဖောက်ပြီး လိုအပ်ချက်အရတောင်းခံလာပါက ပံ့ပိုးပေးသွားမှာဖြစ်ပါတယ်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ သန့်ရှင်းတဲ့သောက်သုံးရေဖြန့်ဝေပေးနိုင်ဖို့တစ်နာရီရေဂါလန် ၅၀၀ မှ ၈၀၀ အထိ သန့်စင်ပေးနိုင်တဲ့ ရေသန့်စင်ကားတွေကို စစ်တွေမြို့မှာ သုံးစီး၊ ရသေ့တောင်မှာ နှစ်စီးနဲ့ မင်းပြားမြို့နယ်မှာ

စာမျက်နှာ ၁၁ သို့ ✢

> ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအနေနဲ့ ဆိုလာစနစ်နဲ့ ရွှေ့လျားနိုင်တဲ့ ရေသန့်စင်စနစ်တွေကို ၁၀ စုံ ဆောင်ရွက်ပေးခဲ့ပြီး သုံးစုံက မေလ ၃၁ ရက်နေ့က စတင်၍ သောက်သုံးရေကန်တွေက ရေတွေကို သန့်စင်ပေးကာ ကျေးလက်နေပြည်သူတွေထံ သန့်ရှင်းတဲ့ သောက်သုံးရေဖြန့်ဝေပေးလျက်ရှိပါတယ်။ ကျန်တဲ့ခုနစ်စုံကလည်း စစ်တွေမြို့ကို ရောက်ရှိနေပြီး ဇွန်လ ၆ ရက်နေ့မှာ စမ်းသပ်ပေးဝေလျက်ရှိ


mobile solar ရေသန့်စင်စက်များဖြင့် ရေဖြန့်ဝေပေးမှု။


နေပြည်တော်မှ မျိုးစပါးများ ပို့ဆောင်ရန်ဆောင်ရွက်နေမှု။



အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ ကြိုတင်ပြင်ဆင်မှုကို တွေ့ရစဉ်။



မိုခါမုန်တိုင်းကျရောက်ပြီး ရေငန်ဝင်ရောက်နေသောရေကန်များအား ရေငန်စုပ်ထုတ်မှု မဆောင်ရွက်မီအခြေအနေများကို တွေ့ရစဉ်။

✢ စာမျက်နှာ ၁၀ မှ

တစ်စီးနဲ့ ရေသန့်စင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေသယ်ယာဉ်တစ်စီး အပါအဝင် အခြားဦးစီးဌာနအဖွဲ့အစည်းတွေက ရေသယ်ယာဉ်တွေနဲ့ နေ့စဉ်ရေဖြန့်ဝေတာတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။

နေပြည်တော်နဲ့ ဘားအံက ရေသန့်စင်ကားနှစ်စီးကို မေလ ၃၁ ရက်နေ့မှာ ရန်ကုန်ကို ပို့ဆောင်ပြီး ရန်ကုန်က စစ်တွေကို ဇွန်လ ၅ ရက်နေ့မှာ Royal Venus ရေယာဉ်နဲ့ ပို့ဆောင်ပြီးဖြစ်ပါတယ်။ သောက်သုံးရေဖြန့်ဝေခြင်းအနေနဲ့ ဇွန်လ ၆ ရက်နေ့အထိ ရခိုင်ပြည်နယ်မှာ ၄၇၃၀၆၉ ဂါလန်ဖြန့်ဝေပေးပြီးဖြစ်ပါတယ်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေနဲ့ ဆိုလာစနစ်နဲ့ ရွှေ့လျားနိုင်တဲ့ ရေသန့်စင်စနစ်တွေကို ၁၀ စုံ ဆောင်ရွက်ပေးခဲ့ပြီး သုံးစုံက မေလ ၃၁ ရက်နေ့ကစတင်၍ သောက်သုံးရေကန်တွေက ရေတွေကို သန့်စင်ပေးကာ ကျေးလက်နေပြည်သူတွေထံ သန့်ရှင်းတဲ့ သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိပါတယ်။ ကျန်တဲ့ ခုနစ်စုံကလည်း စစ်တွေမြို့ကို ရောက်ရှိနေပြီး ဇွန်လ ၆ ရက်နေ့မှာ စမ်းသပ်ပေးဝေလျက်ရှိပါတယ်။

နယ်စပ်ရေးရာဝန်ကြီးဌာနက ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဒဏ်ခံစားရတဲ့ ပြည်သူတွေအတွက် မှာယူထားတဲ့ ဆိုလာစနစ်ရွှေ့လျားရေသန့်စင်စနစ် ၁၀ စုံကို ဇွန်လ ၆ ရက်နေ့ လေယာဉ်နဲ့ နေပြည်တော်ကနေ စစ်တွေမြို့ကို ပို့ဆောင်ပေးထားပြီးဖြစ်ပါတယ်။

Life Straw Community ရေသန့်စင်ပုံးတွေကို ယနေ့အထိ စစ်တွေမှာ အလုံး ၃၀၊ ပေါက်တောမှာ ၁၉ လုံး၊ ရသေ့တောင် ၄၁ လုံး၊ ပုဏ္ဏားကျွန်း ၁၅ လုံး၊ ကျောက်တော် ၁၅ လုံး၊ မြောက်ဦး ၁၅ လုံး၊ မင်းပြား ၁၅ လုံး၊ မြေပုံမှာ ၁၀ လုံးနဲ့ ဖြန့်ဝေပေးပြီးဖြစ်ပါတယ်။

World Vision က လှူဒါန်းတဲ့ Life Straw with Gravity Bag ၃၀ ပါ ၁၇လုံး၊ ရေသန့်စင်ဆေးပြား တစ်ဘူး ၁၆၀၀၀ ပါဝင်တဲ့ဘူး ၁၀၀၊ Hygiene Kit–A (ထောက်ပံ့ရေးပစ္စည်း–၁၁ မျိုးပါဝင်တဲ့) ဘူး ၃၀၀၊ ကလိုရင်း (40kg ပါ) ပုံး ၅၀၀၊ ၂၀ လီတာဆံ့ရေပုံး ၃၀၀ ကို ရခိုင်ပြည်နယ်ကို ဖြန့်ခွဲပေးပို့ထားပါတယ်။

ရခိုင်ပြည်နယ် ၁၀ မြို့နယ်မှာ မုန်တိုင်းကြောင့် မြေသားရေကန် ရေငန်ဝင်ရောက်မှု ၂၂၂ ခု ဖြစ်ပေါ်ခဲ့ပါတယ်။ အခု ၁၇၉ ခု ရေငန်စုပ်ထုတ် ဆောင်ရွက်ပြီးစီးပြီဖြစ်ပါတယ်။

မကွေးတိုင်း စလင်းမြို့နယ် နွယ်တစ်မယ် ချောင်းရေကြီးမှုကြောင့် ကျေးရွာပေါင်း ၄၃ ရွာမှာ အသုံးပြုနေတဲ့ လက်တူးတွင်း ၆၄ တွင်း၊ တုံကင်တွင်း ၁၅၄၀ ကို သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျန်းမာရေးဦးစီးဌာနတို့နဲ့ ပူးပေါင်းပြီး ရေသန့်စင်ဆေးပြားကတ် ၃၂၀၀၊ ကလိုရင်းဆေးခတ်ခြင်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စက်စက်ယိုရေပိုက်လိုင်းမှ ကျေးရွာ ၂၁ရွာ ရေဖြန့်ဝေပေးနေတဲ့ ကန်တိမ်ရေစက်ရုံ လေပြင်းတိုက်ခတ်ပြီး အမိုးပိုင်းတစ်ခြမ်းနဲ့ Transformer ခြံစည်းရိုးတိုင် ငါးတိုင် ပျက်စီးခဲ့မှုကို ပြင်ဆင်ခဲ့ရာမှာ ၆၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပါတယ်။

ဒါ့အပြင် ကျွန်တော်တို့ဦးစီးဌာနပိုင် ရန်ကုန်တိုင်းဒေသကြီးက (၅၁) သိုလှောင်ရုံမှာ သိုလှောင်ထားရှိတဲ့ ၁၆၀၀၀ ပါ ရေသန့်စင်ဆေးပြားဘူး ၄၀၊ ကလိုရင်း (40Kg)ပုံး ၁၆၇ပုံး၊ Hygiene Kit (A) ပုံး ၂၀၀နှင့် ၂၀ လီတာဆံ့ရေပုံး ၂၀၀ကို မုန်တိုင်းသင့်ဒေသတွေကို ဖြန့်ဝေနိုင်ရေး အသင့်ပြင်ဆင်ထားရှိတယ်ဆိုတာ ပြောကြားလိုပါတယ်။ ။

# ထူးချွန်မသန်စွမ်းအားကစားသမားဝန်ထမ်းများ၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သူများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဝန်ထမ်း၊ ဝန်ထမ်းမိသားစု ပညာသင်ထောက်ပံ့ကြေးငွေများပေးအပ်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇူလိုင် ၆**

(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲတွင် ဆုရရှိခဲ့သော အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း၊ ၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် ဝန်ထမ်းများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ထူးချွန်ဆုရရှိသော မသန်စွမ်းအားကစားသမားများ၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ ၎င်းတို့၏ မိဘများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပခဲ့သည့်




(၁၂)ကြိမ်မြောက် အာဆီယံ မသန်စွမ်းအားကစားပြိုင်ပွဲကို မြန်မာ့လက်ရွေးစင် မသန်စွမ်းအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ရာတွင် နိုင်ငံအလိုက် အဆင့်(၆)ရရှိခဲ့ပြီး လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထက်ထက်အေးက ရွှေတံဆိပ်နှစ်ခုနှင့် ကြေးတံဆိပ်တစ်ခု၊ ဦးမျိုးမင်းဦး လူမှုဝန်ထမ်း–၄ နှင့် မောင်ဟန်ပိုင်စိုး ကျောင်းသားတို့က အဖွဲ့လိုက်ကြေးတံဆိပ်တစ်ခု မောင်ကောင်းစံ ကျောင်းသားက ကြေးတံဆိပ်တစ်ခု စုစုပေါင်း ဆုတံဆိပ်ငါးခု ဆွတ်ခူးနိုင်ခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ မသန်စွမ်းအားကစားသမားများအနေဖြင့်လည်း ရှေ့လာမည့်ပြိုင်ပွဲများတွင် ပိုမိုကြိုးစားအားထုတ်ကြစေလိုပါကြောင်း၊ ၂၀၂၂–၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်သူ ၁၃ ဦး အပါအဝင် စုစုပေါင်း ၃၃ ဦး၊ ယခုပညာသင်နှစ်အတွက် ဝန်ကြီးဌာနတစ်ခုလုံးရှိ ဝန်ထမ်းသားသမီးကျောင်းသား ကျောင်းသူများ မူလတန်းအဆင့် ၆၉၆ ဦး၊ အလယ်တန်းအဆင့် ၂၃၅ ဦး၊ အထက်တန်းအဆင့် ၁၆၅ ဦးနှင့် တက္ကသိုလ်အဆင့် ၃၈၄ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၄၈၀ အတွက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ထူးချွန်သည့် ကျောင်းသား ကျောင်းသူများအဖြစ် ပိုမိုကြိုးစားအားထုတ်စေလိုပါကြောင်း၊ မိဘများအနေဖြင့်လည်း မိမိတို့ရင်သွေးသားသမီးများကို ထူးချွန်ထက်မြက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရန် လက်ဦးဆရာပီသစွာဖြင့် ပြုမူ ပြောဆို နေထိုင် ပြုစုစောင့်ရှောက်ရင်း မိမိတို့ရင်သွေးများ၏ အနာဂတ်အတွက် ပညာရေးကို အားပေးချီးမြှောက်ပေးကြရန်လိုအပ်ကြောင်း ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့က ဝန်ကြီးဌာနရှိ ထူးချွန်မသန်စွမ်းအားကစားသမားများ၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သူ ဝန်ထမ်းသား သမီးများနှင့် ယခုပညာသင်နှစ်အတွက် ဝန်ထမ်းမိသားစု စုစုပေါင်း ၁၅၁၇ ဦးအတွက် ချီးမြှင့်ငွေနှင့် ပညာသင်ထောက်ပံ့ကြေးငွေ စုစုပေါင်း ငွေကျပ် ၂၄၂၃၅၀၀၀ ကို ထူးချွန်အားကစားသမားများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုသားသမီးများထံ ထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် တက်ရောက်လာသူများကိုယ်စား ထူးချွန်မသန်စွမ်းအားကစားသမား လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထက်ထက်အေးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇူလိုင် ၆**

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ၁၀ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်–တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဝန်ထမ်းသား သမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်

**နေပြည်တော် ဇူလိုင် ၆**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ကြသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနရှိဝန်ထမ်းများ၏ သား၊ သမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာအောင်မြင်ခဲ့ခြင်းအတွက် ကြိုးစားအားထုတ်မှုများကို အသိအမှတ်ပြုပြီး အနာဂတ်နိုင်ငံတော်အတွက် ထူးချွန်သော လူငယ်များစွာ ပေါ်ထွန်းလာရေး ရည်ရွယ်၍ ယခုကဲ့သို့ ဂုဏ်ပြုခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံလိုအပ်ချက်ဖြစ်သော အသိပညာနှင့် အတတ်ပညာများ မြင့်မားစေရေးအတွက် ကြိုးစား၍ ပညာကိုသာ တစိုက်မတ်မတ် ဆည်းပူးလေ့လာရှာမှီးသွားရန် မှာကြားလိုကြောင်း၊ ယခု အောင်မြင်မှုများကို အခြေခံပြီး အဆင့်မြင့်မားသည့် ပညာရပ်များကို ဆက်လက်သင်ယူဆည်းပူးသွားကြရန်၊ ကြုံတွေ့လာမည့် အခက်အခဲများကို ရင်ဆိုင်ဖြေရှင်းသည့်အခါ ဖွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားအားထုတ်ကြရန်နှင့် နိုင်ငံတော်က အားကိုးအားထားပြုရသည့် သားကောင်းရတနာ၊ သမီးကောင်းရတနာများဖြစ်အောင် ကြိုးပမ်းကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဘာသာစုံ ဂုဏ်ထူးရှင်များနှင့် ဂုဏ်ထူးများဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုဆုနှင့် ငွေသားဆုများ ချီးမြှင့်ပေးအပ်ရာ ဆုရကျောင်းသား ကျောင်းသူများ ကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်သန်းထိုက်အောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆုရကျောင်းသား ကျောင်းသူများနှင့် မိဘများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး နံနက်စာ အတူတကွ သုံးဆောင်သည်။




၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ခြောက်ဘာသာ ဂုဏ်ထူးရှင် ကိုးဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် ၁၂ ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် ၁၅ ဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် ၁၈ ဦး အပါအဝင် ဂုဏ်ထူးဖြင့် အောင်မြင်သူ ၁၃၆ ဦး၊ ရိုးရိုးအောင်မြင်သူ ၁၇၅ ဦး စုစုပေါင်း ၃၁၁ ဦး ဖြစ်ပြီး အောင်ချက်ရာခိုင်နှုန်း ၇၁ ဒသမ ၈၂ ရာခိုင်နှုန်း ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကချင်ပြည်နယ်မှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးအပ်

**နေပြည်တော် ဇူလိုင် ၆**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကချင်ပြည်နယ်မှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုပေးပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယနေ့ အခမ်းအနားသည် ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် နိုင်ငံတော်အဆင့် ဆုရကျောင်းသား ကျောင်းသူများ၊ ခြောက်ဘာသာ ဂုဏ်ထူးရှင်များ၊ ငါးဘာသာနှင့် လေးဘာသာဂုဏ်ထူးရှင်များကို ဂုဏ်ပြုဆုချီးမြှင့်ပေးသည့် အခမ်းအနား ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်အနေဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဝင်ရောက်ဖြေဆိုသူ ၉၅၃၃ ဦးတွင် ၇၁၅၇ ဦး အောင်မြင်ခဲ့ရာ နိုင်ငံတော်အဆင့် အောင်ချက်ရာခိုင်နှုန်း ၇၄ ဒသမ ၀၃ ရရှိပြီး ဒုတိယဆုရရှိသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ နိုင်ငံတိုးတက်ရေးအတွက် အခြေခံအချက်သည် ပညာတတ်များ ပေါ်များရေးဖြစ်ပါကြောင်း၊ နိုင်ငံ၏ပညာရေး ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးဝန်ကြီးဌာနရှိ ဆရာ ဆရာမများ၊ ဝန်ထမ်းအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုပါကြောင်း။

ကချင်ပြည်နယ် ပညာရေးတိုးတက်ရန် နယ်ပယ်အသီးသီးက ကြိုးစားဆောင်ရွက်ပေးခဲ့ကြသည့် တာဝန်ရှိသူများနှင့် ဝိုင်းဝန်းပံ့ပိုးပေးကြသူများ အားလုံးကို ပညာရေးဌာနကိုယ်စား မှတ်တမ်းတင် အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်း၊ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ အနေဖြင့်လည်း နိုင်ငံတော်က အားကိုးရသည့် ထူးချွန်သည့် ပညာရှင်ကြီးများ ဖြစ်အောင် ဆက်လက်ကြိုးစားသွားကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အမှာစကားပြောကြားပြီး ကချင်ပြည်နယ်ပညာရေးမှူးက ကချင်ပြည်နယ်၏ ပညာရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ကချင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ မြစ်ကြီးနား တက္ကသိုလ် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူး အများဆုံးရအောင် သင်ကြားပေးသည့် ဆရာ ဆရာမ သုံးဦးနှင့်ကိုယ်ပိုင်ကျောင်းများကို ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် မြစ်ကြီးနား တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ တက္ကသိုလ်၏သင်ကြားသင်ယူမှုဆိုင်ရာ ကိစ္စရပ်များနှင့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များ အရည်အသွေး တိုးတက်ကောင်းမွန်ရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ စီမံဘဏ္ဍာလုပ်ငန်းများ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြား၍ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် ယနေ့နံနက်ပိုင်းက ကချင်ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး ကျောင်းအတွင်း တည်ဆောက်နေသည့်အဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




# ဝန်းသိုမြို့၌ တန်ဖိုးသင့် အခြေခံစားကုန်ပစ္စည်းများ ရောင်းချပေးလျက်ရှိ

**ဝန်းသို ဇူလိုင် ၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားဝတ်နေရေးအဆင်ပြေချောမွေ့စေရန်၊ အခြေခံ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်စေရေးအတွက် တန်ဖိုးသင့် အခြေခံစားကုန်ပစ္စည်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝန်ထမ်းများက အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့ နံနက်၆နာရီမှစတင်၍ ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးလျက်ရှိရာ ယနေ့တွင်လည်း ဆန်၊ ကြက်ဥ၊ ကြက်သွန် အစရှိသည့် အခြေခံစားသောက်ကုန်ပစ္စည်းများကို အိမ်ထောင်စု ၃၀၀ အတွက် အိမ်ထောင်စုတစ်စုလျှင် ဒေသပေါက်ဈေး ငွေကျပ် ၄၀၀၀ နှုန်းတန်ဖိုးရှိ အခြေခံစားသောက်ကုန်များအား ၂၅ ရာခိုင်နှုန်းလျှော့ချ၍ ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ညောင်တုန်းမြို့နယ်၌ ယစ်မျိုးဆိုင်ရာအသိပညာပေး ရှင်းလင်းပွဲပြုလုပ်

**ညောင်တုန်း ဇူလိုင် ၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် ယစ်မျိုးဆိုင်ရာ အသိပညာပေးရှင်းလင်းပွဲကို ယနေ့ နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးက ယစ်မျိုး လိုင်စင်များနှင့် ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေစိုးဟန်နှင့် ဒုတိယဦးစီးမှူး ဦးချစ်ဦးမောင်တို့က ယစ်မျိုးဆိုင်များအနေဖြင့် ယစ်မျိုးလိုင်စင် အလိုက် ရောင်းချရမည့် အမျိုးအစားများ၊ လိုက်နာရမည့်စည်းကမ်းချက်များ၊ စည်းကမ်းချက်များနှင့် မလျော်ညီသည့် ယစ်မျိုးဆိုင်များအား အရေးယူနိုင်သည့် ပြစ်မှုနှင့် ပြစ်ဒဏ်များ စသည့် ယစ်မျိုးဆိုင်ရာ အကြောင်းအရာများကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဘုတ်ပြင်းမြို့နယ်၌ ဇီဝဆိုင်ရာအချက်အလက်များ ကောက်ယူ

**ဘုတ်ပြင်း ဇူလိုင် ၆**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ်တွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဝန်ထမ်းများက ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များအား ဇီဝဆိုင်ရာ အချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သပြေခန်းမတွင် ဇွန် ၂၇ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၄ ရက်အထိ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင် အမျိုးသား ၂၀၂ ဦး၊ အမျိုးသမီး ၂၀၁ ဦး စုစုပေါင်း ၄၀၃ ဦးတို့၏ အချက်အလက်များ ကောက်ယူဆောင်ရွက်နိုင်ခဲ့သည်။

အဆိုပါလုပ်ငန်းဆောင်ရွက်မှုကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဝင်းငွေနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ဆောင်ရွက်သည့် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေပေးအပ်ပွဲအခမ်းအနား တက်ရောက်




နေပြည်တော် ဇူလိုင် ၆

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ဆောင်ရွက်သည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေပေးအပ်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ကောင်စီရုံးဝင်း ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဆီစက်လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

### ကြိုးပမ်းဆောင်ရွက်လျက်ရှိ

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို မတည်ထူထောင်ထားရှိပြီး နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ချေးငွေကို အကျိုးရှိထိရောက်စွာ လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် အသုံးပြုပြီး သတ်မှတ်ကာလအလိုက် အရင်း၊ အတိုးမှန်ကန်စွာ ပြန်လည်ပေးဆပ်ကြရန် လိုအပ်ပါကြောင်း၊ ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေး ချေးငွေအစီအစဉ်သည် ဆီစက်လုပ်ငန်းရှင်များအတွက်သာမက ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်နေကြသည့် တောင်သူလယ်သမားများအတွက်လည်း အကျိုးရှိမည်ဖြစ်သည့်အတွက် ဆီစက်လုပ်ငန်းရှင်များ၊ တောင်သူများ၊ ဌာနဆိုင်ရာများအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေထုတ်ပေးနိုင်ရေး စိစစ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆီစက်ချေးငွေ အဆိုပြုလျှောက်ထားသည့် လုပ်ငန်းများနှင့်စပ်လျဉ်းသည့် မှတ်တမ်း Video Clip ကို ပြသသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆီစက်လုပ်ငန်းများ ဖွံ့ဖြိုးရေးချေးငွေ ထုတ်ချေးခွင့်ရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့မှ ရန်နိုင်ဆီစက်လုပ်ငန်းရှင် စိန်စီဆီစက်လုပ်ငန်းရှင်၊ ဦးကျော်သန်းဆီစက်လုပ်ငန်းရှင်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့မှ သိဒ္ဓိဆီစက်လုပ်ငန်းရှင်၊ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မှ မျိုးအောင်ဆီစက်လုပ်ငန်းရှင်၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့မှ မြေလတ်ဆီစက်လုပ်ငန်းရှင်၊ ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်မှ မောင်ကောင်း ဆီစက် လုပ်ငန်းရှင်နှင့် ကချင်ပြည်နယ် မိုးညှင်းမြို့မှ မြတ်သုခ ဆီစက်လုပ်ငန်းရှင်တို့ကို ဖွံ့ဖြိုးရေးချေးငွေများ ပေးအပ်ကြသည်။

### ကြည့်ရှုအားပေး

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဆီစက်လုပ်ငန်းရှင်များနှင့်အတူ ခင်းကျင်းပြသထားသည့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

ယနေ့ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် ငါးခုမှ ဆီစက်လုပ်ငန်းရှင် ရှစ်ဦးတို့ကို PFI ဘဏ်နှစ်ဘဏ်ဖြစ်သည့် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့က ချေးငွေကျပ် ၇၉၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ်အတွင်းရှိ စိန်စီဆီစက်နှင့် ဒေါင်းမင်းဆီစက်တို့သို့ သွားရောက်၍ ဆီစက်လည်ပတ်နေမှုအခြေအနေများကို ကြည့်ရှုကာ လိုအပ်သည်များကို မှာကြားပြီး နေပြည်တော် တပ်ကုန်းမြို့ မဟာသီဟနာဒကျောင်းတိုက် ဆရာတော် နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိဏ္ဏအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါက်ခေါင်းမြို့နယ် အထက(ခမ္မသော်)၌ လူငယ်စကားဝိုင်းကျင်းပ



ပေါက်ခေါင်း ဇူလိုင် ၆

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများဖလှယ်တတ်စေရန်အတွက် လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲက အထက(ခမ္မသော်)ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးကိုကိုနိုင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးတို့က အမှာစကားများ ပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူခိုင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ လူငယ်နှင့်အားကစားခေါင်းစဉ်ဖြင့် Grade-11(B)မှ မောင်သဲအောင်ချစ်ကလည်းကောင်း၊ လူငယ်နှင့်ကျန်းမာရေး ခေါင်းစဉ်ဖြင့် Grade-11(A)မှ မဟေမာန်စိုးကလည်းကောင်း၊ လူငယ်နှင့် မူးယစ်ဆေးခေါင်းစဉ်ဖြင့် Grade-10(A)မှ မောင်ဟန်ညီညီဇော်ကလည်းကောင်း၊ လူငယ်နှင့် စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် Grade-10(A)မှမပွင့်ကေခိုင်ကျော်က လည်းကောင်း ဦးဆောင်ဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပြောကြားမှုအပေါ် သိရှိလိုသည့် မေးခွန်းများကို ကျောင်းသားကျောင်းသူများက မေးမြန်းရာ ဦးဆောင် ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**

■




# ဓနုဖြူမြို့နယ်၌ အခွန်လွတ်ဈေး ဖွင့်လှစ်ရောင်းချ

ဓနုဖြူ ဇူလိုင် ၆

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဓနုဖြူမြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများက ဓနုဖြူမြို့ အမှတ်(၈)ရပ်ကွက် ဘုရားလမ်း နာရီစင်အနီး၌ အခွန်လွတ်ဈေးကို ဇူလိုင် ၆ ရက် နံနက် ၆ နာရီခွဲမှ စတင်ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

အဆိုပါ အခွန်လွတ်ဈေးရောင်းချနေမှုကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ဝေအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းအောင်သူနှင့် ဝန်ထမ်းများက အခွန်လွတ်ဈေးရှိသားငါးဈေးတန်း၊ ကုန်ခြောက်ဈေးတန်းနှင့် ကုန်စိမ်းတန်းတို့တွင် ရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့် သန့်ရှင်းသောမြို့များဖြစ်ပေါ်လာစေရေး အသိပညာပေးဟောပြော

မိတ္ထီလာ ဇူလိုင် ၆

မိတ္ထီလာပညာရေးဒီဂရီကောလိပ်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ပူးပေါင်းဆောင်ရွက်သော စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့် သန့်ရှင်းသောမြို့များဖြစ်ပေါ်လာစေရေး အသိပညာပေးဟောပြောပွဲနှင့် ပလတ်စတစ်သုံးစွဲမှုကင်းစင်လျော့ကျစေရေး အသိပညာပေး



ဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါကောလိပ်ရှေ့ မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမအနီးနှင့် ပညာပါရမီခန်းမ၌ ကျင်းပသည်။

### ဖြန့်ဝေ

ဦးစွာ ပလတ်စတစ်သုံးစွဲမှုကင်းစင်လျော့ကျစေရေး အသိပညာပေးခြင်းကို မိတ္ထီလာပညာရေးဒီဂရီကောလိပ်ရှေ့ မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းမအနီး၌ ပြုလုပ်ရာ လမ်းသွားလမ်းလာပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ မိတ္ထီလာပညာရေးဒီဂရီကောလိပ်ကျောင်းအုပ် ဒေါ်စုလတ်ထွေး၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဖြန့်ဝေပေးသည်။

ဆက်လက်၍ စွန့်ပစ် အမှိုက်စီမံခန့်ခွဲမှုနှင့် သန့်ရှင်းသောမြို့များဖြစ်ပေါ်လာစေရေး အသိပညာပေးဟောပြောပွဲကို မိတ္ထီလာပညာရေးဒီဂရီကောလိပ် ပညာပါရမီခန်းမ၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးထက်ဇော်က စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုနှင့် သန့်ရှင်းသောမြို့များ ဖြစ်ပေါ်လာစေရေးခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောသည်။

**ချမ်းသာ(မိတ္ထီလာ)**




ရန်ကုန်တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူး ကျင်းပသော ဓမ္မစကြာနှင့် အနတ္တလက္ခဏသုတ် အလွတ်ရွတ်ဆိုပူဇော်ပြိုင်ပွဲတွင် ဒုတိယဆုရရှိခဲ့သည့် ခရိုင်ကိုယ်စားပြု သန်လျင်နှင့် ကျောက်တန်းမြို့နယ် ဝတ်အသင်းအား ဂုဏ်ပြုပွဲကို ဇူလိုင် ၆ ရက်က သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပရာ ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်သိုက်ဝင်း ဂုဏ်ပြုဆု ပေးအပ်ချီးမြှင့်စဉ်။ တင်ဝင်းတင်

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၆

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များ မှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် အောင်ဇေယျရပ်ကွက်နေ စောနိုင်ဦးသည် ၎င်းအသုံးပြုသည့် “Aung Zay Ya” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းပျော်ဘွယ်ရပ်ကွက်နေ လှလှဝင်းသည် ၎င်းအသုံးပြုသည့် “Win Hla Hla” Facebook အကောင့်နှင့် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက်နေ အောင်ခန့်ဖြိုးသည် ၎င်းအသုံးပြုသည့် “Aung Khant Phyo” Facebook အကောင့်တို့ဖြင့် အသိပေး သတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ညောင်ရွှေမြို့နယ်၌ အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၂၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၆

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ်၌ ငွေကျပ်သိန်း ၆၅၀၀ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ကီလို ၂၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း သိမ်းဆည်းရမိခဲ့သည်။

**သိမ်းဆည်းရမိ**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင် ၄ ရက် မွန်းတည့် ၁၂ နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် မွေးမြူရေးဇုန် (၄)လမ်းဆုံ၌ တောင်ကြီး မြို့ရှောင်လမ်းမှ ရွှေညောင်မြို့သို့ မောင်းနှင်လာသည့် Toyota Hilux Revo ယာဉ်ကို သတင်းအရ ရှာဖွေရာ ယာဉ်ပေါ်မှ ငွေကျပ်သိန်း ၆၅၀၀ တန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း)ကီလို ၂၀ နှင့် စိတ်ကြွရူးသွပ်ဆေးပြား ငါးသိန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများကို နမ့်စန်မြို့နယ်မှ ကလောမြို့နယ်သို့ သယ်ဆောင်ခြင်း ဖြစ်ကြောင်း သိရသဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



မောင်သိန်းအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**


# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော် ဇူလိုင် ၆

ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၈ -၇ - ၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၂၇) တွင် မျိုးစေ့များစိုက်ပျိုးရန် သူတစ်ပါး၏ အကူအညီမရရှိ၍ မိမိတို့မိသားစုဝင်များ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် စိုက်ပျိုးခဲ့ရာမှ အောင်မြင်ဖြစ်ထွန်းသော ပြောင်းဖူးများရရှိလာပုံကို ရေးဖွဲ့ထားသည့် “ကိုယ်ထူကိုယ်ထ”မျက်နှာဖုံးကာတွန်း၊ ငွေကြေးဆိုင်ရာ အကြောင်းအရာများနှင့် ငွေကြေး၏ အသုံးဝင်ပုံတို့ကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် “ကစ်ဒီနော‌မစ်” သုတဆောင်းပါး၊ ဉာဏ်အမြော်အမြင်ကြီးမားသော ခေါင်းဆောင်ဖားကြီး၏ သတိပေးစကားကို နားမထောင်ဘဲ မိမိနှင့် စရိုက်မတူသူကို အပေါင်းအသင်းလုပ်မိ၍ ဒုက္ခနှင့်တွေ့ကြုံခဲ့ရသော ဖားလေးအကြောင်းကို တင်ဆက်ထားသည့် “အပေါင်းအသင်း”နှစ်မျက်နှာကာတွန်း၊ ရိုးသားဖြောင့်မတ်သော စိတ်ထားရှိ၍ သူဌေး၏ယုံကြည်စိတ်ချမှုကိုရရှိသွားသည့် မောင်ပညာအကြောင်းကို ရေးဖွဲ့ထားသည့် “ရိုးသားမှု၏တန်ဖိုး”ပုံပြင်၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စာသင်ရာ၌ နေရာထိုင်ခုံ ရှေ့နောက်ဖြစ်ခြင်းသည် စာတော်ခြင်း၊ စာညံ့ခြင်းနှင့်မသက်ဆိုင်ဘဲ ကြိုးစားမှုနှင့်သာ သက်ဆိုင်ကြောင်း ရေးဖွဲ့ထားသည့် “ကြိုးစားအားထုတ်မှုသာအဓိက”ဝတ္ထု၊ သံတမန်တစ်ဦး၏ မေးခွန်းများကို ယုတ္တိရှိရှိဖြင့် ပညာဉာဏ်သုံးကာ ပြန်လည်ဖြေကြားခဲ့သော ပညာရှိလေး မောင်ဉာဏအကြောင်းကို တင်ဆက်ထားသည့် “မောင်ဉာဏနဲ့ မေးခွန်းသုံးခွန်း” နှစ်မျက်နှာကာတွန်း၊ သူတစ်ပါးကိုအနိုင်ကျင့်ကာ ပေါက်စီလုစားတတ်သော ဗိုက်ပူကို နောင်လုမစားရဲတော့အောင် ပညာပေးဆုံးမခဲ့သည့် ချက်စူအကြောင်းကို ရေးဖွဲ့ထားသည့် “ချက်စူနဲ့ ဗိုက်ပူ” နှစ်မျက်နှာကာတွန်း၊ အင်္ဂလိပ်စာကဏ္ဍအနေနဲ့ လှုပ်ရှားမှု၊ ရွှေ့လျားမှု၊ ဦးတည်မှုကို ပြဆိုသည့် Preposition များကို လေ့ကျင့်ခန်းများနှင့်တကွ တင်ဆက်ထားသော “ရွှေသွေးအင်္ဂလိပ်သဒ္ဒါ” ကဏ္ဍ၊ ရွှေသွေးတို့လက်ရာကဏ္ဍ၊ ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**




## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၇-၇-၂၀၂၃ သောကြာနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ရတနာသုတ် တေဇ္ဇုဂ်သုတ်အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ လူမပြုနတ်ထုသည့်…ကျွန်း
- ၀၉:၃၅ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားသတင်းများ
- ၁၂:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘ငွေ့လင့်ခြင်းအိပ်မက်’ (အပိုင်း-၃၁)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘ကံကြမ္မာမှန်တိုင်း’ (အပိုင်း-၂၄)
- ၁၅:၂၅ လူငယ်ရေးရာအစီအစဉ်
- ၁၆:၃၅ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၇:၁၅ နေပြည်တော်တိရစ္ဆာန်ဥယျာဉ်သို့ အလည်တစ်ခေါက်
- ၁၇:၃၀ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ အနုပညာဝက်ပါထဲက ဟာသအနုပညာ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘ငွေ့လင့်ခြင်းအိပ်မက်’ (အပိုင်း-၃၂)
- ၂၀:၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ‘စိမ်းစိုဖို့အမှတ်တရတေးများ’ တေးဂီတ ဖျော်ဖြေပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်

### mitv

- 07:01 Evergreen Classic: Parami Taw (Hnin Hnin Htoo)
- 07:09 Gardener of Royal Thazin Floral
- 07:30 Kyaukse Cement Plant
- 07:45 Grow Back For Posterity "The Dawn of Development"
- 08:01 News
- 08:28 Ecotourism: Naga Traditional Customs
- 08:47 Danu Food: Pounded Crab Apple Salad
- 08:52 World Chocolate Day (7th July)
- 09:01 Life In Night ……..Art In Life (Ep-1)
- 09:33 Beauties Of Makyee Island - Island Of Tamarind Tree
- 09:47 Aesthetic Painting on Pathein Umbrella
- 10:01 News
- 10:27 Topical Topics (No. 13) Expanding Areas of Forest & Conserving

### MRTV NRC

**ချင်း (ချိုး) (၀၆:၀၀ မှ ၀၇:၀၀)**
ချင်းရိုးရာတူရိယာများ

**မွန် (၀၇:၀၀ မှ ၀၉:၀၀)**
အောင်မြင်ဖြစ်ထွန်းနေသည့်မော်လမြိုင်ကျွဲကော

**ရခိုင် (၀၉:၀၀ မှ ၁၁:၀၀)**
ထူးဆန်းထွေရာရခိုင့်ဓလေ့ရိုးရာ(ရခိုင်ချိန်ခွင်)

**ရှမ်း (၁၁:၀၀ မှ ၁၃:၀၀)**
ထိန်းသိမ်းစိုလေရိုးရာအမွေ(ရှင်ပြုပွဲ)

**ဝ (၁၃:၀၀ မှ ၁၅:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း-၁)

**ကချင် (၁၅:၀၀ မှ ၁၇:၀၀)**
ကချင်ပြည်နယ်ခရီးသွားမှတ်တမ်း

**ကယား (၁၇:၀၀ မှ ၁၉:၀၀)**
ကယားတိုင်းရင်းသားယဉ်ကျေးမှုနှင့်ကလေးများကျေးရွာ

**ဝကကကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၉)

**အနောက်ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း

**အရှေ့ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ပန်းလိုမွှေး၍စွမ်းသည့်ဆေး

**ချင်း (လိုင်ဇိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ကျန်းမာရေးအတွက် ကောင်းကျိုးများသည့် မဟာကကြံဆစ်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၁၅ ရသစုံစွာဂျဲမြေကမ္ဘာ
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၁:၄၅ ရတနာအလားကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်များ
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၈:၄၅ စွန့်ပစ်တစ်ခါသုံးပါးစဝ်နာခေါင်းစည်းများနှင့် ပတ်ဝန်းကျင်ကျန်းမာရေးဆိုင်ရာသိမှတ်ဖွယ်ရာ
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို ‘ငရအသုံးကုန်းတစ်ဝက်’
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ PR SYSTEM စကားဝိုင်း(MWD)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
- ၁၁:၃၀ အတွေးအမြင် (အပိုင်း-၂)
- ၁၈:၀၀ Economic Review (အပိုင်း-၉)

### MRTV FARMERS

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၀ အကျိုးရှိစွာအသုံးချပါ ကိုင်းကူးကိုင်းဆက်နည်းပညာ
- ၀၇:၀၀ ကျေးလက်ကွန်ရက်
- ၀၈:၁၅ အချိုဓာတ်မြင့်မားပိုကြံရွက်ချကြပါစို့
- ၀၉:၀၀ မျိုးစေ့တစ်စေ့၏တန်ဖိုး(ဇာတ်လမ်းတို)
- ၀၉:၄၀ ကော်ဖီသုတေသနမှသည် ကော်ဖီကဏ္ဍ တိုးတက်ဖို့မျှော်ရည်

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၁၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၁၀ Soccer View/ Weekly Sports Info/ Sports Diary/Weekly MNL Review/Weekly Soccer Preview
- ၀၇:၄၅ အားကစားလောကထဲကသူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၁၁:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ ‘အောင်ပွဲမဲ့ကျိုင် ရင်ဆိုင်ချိတက်’
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၅)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# စစ်တွေမြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့မှ မိုခါမုန်တိုင်းဘေးသင့် တောင်သူများအား မျိုးစပါးနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကျင်းပ



**စစ်တွေ ဇူလိုင် ၆**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့နယ်နှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့မှ မိုခါမုန်တိုင်းဘေးသင့် တောင်သူများအား မျိုးစပါးနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ကြသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ မိုခါမုန်တိုင်းကြောင့် ပျက်စီးခဲ့ရသည့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေကို လျှောက်ထား၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ပြုလုပ်သည့် စစ်တွေမြို့နယ်မှ မိုခါမုန်တိုင်းဘေးသင့် တောင်သူများအား မျိုးစပါးနှင့် ဟင်းသီးဟင်းရွက် မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မိုးစပါးစိုက်ပျိုးရာသီတွင် တောင်သူများ မျိုးလိုအပ်ခြင်းကြောင့် စိုက်ဧကများ လျော့နည်းခြင်းမရှိစေရန်အတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုဖြင့် မျိုးစပါးများကို နေပြည်တော်၊ ဧရာဝတီ၊ ပဲခူးနှင့်ရန်ကုန်တိုင်းဒေသကြီးတို့မှ ဝယ်ယူပြီး ရခိုင်ပြည်နယ်ရှိ မျိုးစပါးလိုအပ်ချက်ရှိသည့် မြို့နယ်များသို့ သယ်ယူပို့ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ စစ်တွေမြို့နယ်တွင်လည်း ယခုကဲ့သို့ တောင်သူများအား ထောက်ပံ့ဖြန့်ဖြူးပေးလျက်ရှိကြောင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များဖြစ်သည့်အတွက် လာမည့်နှစ်များတွင်လည်း ဆက်လက်စိုက်ပျိုးနိုင်ရေးအတွက် မျိုးထိန်းစိုက်ပျိုးခြင်းလုပ်ငန်းများကိုပါ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထွက်နှုန်းအလွန်ကောင်းသော မျိုးစပါးများကို ယုံယုံကြည်ကြည်ဖြင့် နည်းစနစ် မှန်ကန်စွာလိုက်နာစိုက်ပျိုးကြစေလိုကြောင်းနှင့် လိုအပ်သောနည်းစနစ်များကိုလည်း စိုက်ပျိုးရေး ဦးစီးဌာနက ပံ့ပိုးပေးမည်ဖြစ်သည့်အတွက် ကျေးရွာသူ ကျေးရွာသားများ၊ တောင်သူဦးကြီးများ၊ ဌာနဆိုင်ရာများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက တောင်သူများနှင့် ကျေးရွာသူ ကျေးရွာသားများအား မျိုးစပါးနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များကို ပေးအပ်ကြရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အခမ်းအနားသို့တက်ရောက်လာကြသူများအား သီးစုံဒံပေါက်များ ဝေငှ၍ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့ စိုက်ပျိုးရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မိုခါမုန်တိုင်းဘေးသင့် တောင်သူများအား မျိုးစပါးနှင့်ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက တောင်သူများနှင့် ကျေးရွာသူ ကျေးရွာသားများအား မျိုးစပါးနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များကို ပေးအပ်ကြရာ တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့ အလယ်စုရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲသို့သွားရောက်ပြီး အသက်ငါးနှစ်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးနေမှုအား သွားရောက်ကြည့်ရှုအားပေးကြပြီး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် သီးစုံဒံပေါက်များ ဝေငှကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းအတွင်း ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုအား လှည့်လည်ကြည့်ရှုအားပေးပြီး ကျောင်းအတွက် လိုအပ်သည်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့်ပျက်စီးခဲ့သည့် ပုဏ္ဏားကျွန်းမြို့ ဦးရာဇ်မင်္ဂလာကြိုးတံတားပြန်လည်ပြုပြင်ခြင်းလုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ကြိုးတံတားပြုပြင်တည်ဆောက်မှုတာဝန်ခံက ကြိုးတံတားပြန်လည်ပြုပြင်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ယင်းကြိုးတံတားမှာ အရှည်ပေ ၃၂၀၊ တံတားအကျယ် ၇ ပေ ၆ လက်မ၊ တံတားအောက်ကင်းလွတ်အမြင့် ၁၃ ဒသမ ၁၃၄ ပေရှိပြီး နိုင်ငံတော်အစိုးရထံမှ ခွင့်ပြုငွေကျပ် ၇၉ ဒသမ ၆၅၉ သန်းဖြင့် ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်နေခြင်းဖြစ်သည်။

**ကြည့်ရှုစစ်ဆေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်ကျေးရွာအနီး၌ Advanced Seafood Industries ကုမ္ပဏီ၏ ကဏန်းပျော့မွေးမြူထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိပြီး ကဏန်းပျော့မွေးမြူရေးကန်များ၊ ကဏန်းမွေးဖောင်များ၊ ကဏန်းအစာကျွေးခြင်းနှင့် ကဏန်းပျော့ကောက်ခြင်း၊ ကဏန်းရေချိုဆေးသန့်စင်ခြင်း၊ အေးခဲခြင်း၊ သိုလှောင်ခြင်းနှင့် ပြည်ပသို့တင်ပို့ရောင်းချရန် ထုပ်ပိုးပြင်ဆင်ခြင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ သဘာဝဘေးပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်ကြသည်။ အစည်းအဝေးတွင် လုပ်ငန်းကော်မတီများအလိုက်ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ လုပ်ငန်းတိုးတက်မှုအခြေအနေများနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြချက်များအပေါ်လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇူလိုင် ၆**

တပ်မတော် (လေ)အနေဖြင့် သဘာဝဘေးဒဏ်သင့် ဒေသများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီ ပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် အခြေခံစားသောက်ကုန်ပစ္စည်း ၃ ဒသမ ၇၆၉ တန်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများကိုတပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အထိ ထောက်ပံ့ရေးပစ္စည်း ၅၆၄ ဒသမ ၉ တန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက် ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်း ၃၅၄၂ ဦးတို့ကို ပို့ဆောင် ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေး ပစ္စည်းများကို မုန်တိုင်းဒဏ်သင့် ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိ ကြောင်းနှင့် အဆိုပါတပ်မတော် လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သိရသည်။

**သတင်းစဉ်**



## ဓာတ်ခွဲနမူနာစုစုပေါင်း ၆၁၀၉ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈၃ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၆-၇-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး(၅-၇-၂၀၂၃)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၆-၇-၂၀၂၃)ရက်နေ့၊ ည(၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၆,၁၀၉)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၈၃)ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၃၆)ရာခိုင်နှုန်းရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၈၉၁,၆၃၁) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၆၉၆)ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ(၂၀)ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း(၆၁၉,၅၂၈)ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း(၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# စစ်တွေမြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်ပြီးစီးမှုအခြေအနေများ ကြည့်ရှုစစ်ဆေး



နေပြည်တော် ဇူလိုင် ၆

မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် အမိုးလန်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရွှေစေတီဘုန်းတော်ကြီးကျောင်း၊ ပညာလင်္ကာရဘုန်းတော်ကြီးကျောင်း၊ အဘယရက္ခိတဘုန်းတော်ကြီးကျောင်းနှင့် အောင်မြေဗောဓိသာသနာ့ရိပ်သာ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်းတို့ရှိ သာသနိကအဆောက်အအုံများ ပြန်လည် ပြုပြင်ပြီးစီးမှုအခြေအနေများကို ယနေ့မွန်းလွဲပိုင်းတွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ရန်ကျန်ရှိသည့် အဆောက်အအုံများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ဆက်ကပ်လှူဒါန်း**

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါ ဘုန်းတော်ကြီးကျောင်းတိုက်များရှိ ဆရာတော်များအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကုန်သွယ်/စီးပွား

# Wing India 2024 သို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များ ပါဝင်တက်ရောက်ရန်ဖိတ်ကြား

နေပြည်တော် ဇူလိုင် ၆

အိန္ဒိယသမ္မတနိုင်ငံအစိုးရ၊ မြို့ပြလေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာန၊ အိန္ဒိယလေဆိပ် အာဏာပိုင်အဖွဲ့နှင့် အိန္ဒိယကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တို့က ဦးစီး၍ Wing India 2024 ကို ၁၈-၁-၂၀၂၄ မှ ၂၁-၁-၂၀၂၄ ရက်အထိ အိန္ဒိယနိုင်ငံ ဟိုက်ဒရာဘတ်မြို့ရှိ Begumpet လေဆိပ်၌ ကျင်းပသွားမည်ဖြစ်ရာ မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်များ စီစဉ်စေလွှတ်နိုင်ရေးနှင့် သက်ဆိုင်ရာအသင်းအဖွဲ့များ ပါဝင်တက်ရောက်ပြသနိုင်ရေးအတွက် မြို့ပြလေကြောင်းပို့ဆောင်ရေးဝန်ကြီးဌာနက ဖိတ်ကြားလာသည်။

အဆိုပါပြပွဲသည် အိန္ဒိယမြို့ပြလေကြောင်း ပို့ဆောင်ရေးကဏ္ဍ၏ လူသိများထင်ရှားသည့် အခမ်းအနားတစ်ခုဖြစ်ပြီး ပြပွဲများ၊ Static Display များ၊ ကွန်ဖရင့်များ၊ စကားဝိုင်းဆွေးနွေးပွဲများ၊ အမှုဆောင်အရာရှိချုပ်များဖိုရမ်၊ B2B/ G2G အစည်းအဝေးများ၊ ဆုချီးမြှင့်ခြင်းအခမ်းအနား၊ ယဉ်ကျေးမှုဖျော်ဖြေပွဲ၊ စီးပွားရေးချိတ်ဆက်ဆောင်ရွက်နိုင်ရေး ညစာစားပွဲများ၊ ကျောင်းသား ကျောင်းသူများ၏ လေ့လာရေးအစီအစဉ်များ စသည့်ကဏ္ဍမျိုးစုံ ပါဝင်မည်ဖြစ်ပြီး လေကြောင်းခရီးသွားလာမှုဆိုင်ရာ စိန်ခေါ်မှုအခက်အခဲများနှင့် အခွင့်အလမ်းများ၊ အတွေးအခေါ် ထင်မြင်ယူဆချက်များကို ဖလှယ်ဆောင်ရွက်မှု မြှင့်တင်နိုင်မည်ဖြစ်သည်။

အဆိုပါပြပွဲသို့ ပါဝင်တက်ရောက်ပြသလိုသည့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ အီးမေးလ် moctradefair@myantrade.gov.mm ၊ ဖုန်း ၀၆၇-၄၀၈၆၂၂ ၊ ၀၆၇-၄၀၈၆၂၃ တို့သို့ ဆက်သွယ်၍ ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း**

# မောတောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

နေပြည်တော် ဇူလိုင် ၆

မောတောင်ကုန်သွယ်ရေးစခန်းအနေဖြင့် ၂၀၂၄ ခုနှစ် ဇူလိုင် ၃ ရက်မှ ၄ ရက်အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၁၄ ဒေါ်လာသန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၀၀၄၄ ဒေါ်လာသန်း စုစုပေါင်းကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ သုည ဒသမ ၀၉၅၈ ဒေါ်လာသန်း ကုန်သွယ်မှုဆောင်ရွက်နိုင်ခဲ့သည်။

မောတောင်ကုန်သွယ်ရေးစခန်းက ဇူလိုင် ၃ ရက်မှ ၄ ရက်အထိ အဓိကတင်ပို့ခဲ့သော ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ ၄၅ ဒသမ ၁၀၅ တန်၊ တံမြက်စည်း ၃၀၀၀၀၊ ငှက်ပျောသီး ငါးတန် တင်ပို့နိုင်ခဲ့ပြီး အဓိကတင်သွင်းခဲ့သော ကုန်ပစ္စည်းများမှာ အသီးများ ၂ ဒသမ ၅၀ တန်၊ ကြွေပြား ၈၀၀ စတုရန်းမီတာနှင့် ငါးသေတ္တာဘူးခွံ ငါးတန် တင်သွင်းနိုင်ခဲ့သည်။

မောတောင်ကုန်သွယ်ရေးစခန်းက အဓိကတင်ပို့လျက်ရှိသည့် ပို့ကုန်ပစ္စည်းများ၏ တစ်တန်ဈေးနှုန်းများမှာ ငါးမျိုးစုံ ၁၅၆၀ ဒသမ ၈၀၃ ဒေါ်လာ၊ တံမြက်စည်း သုည ဒသမ ၂၀၁၁ ဒေါ်လာနှင့် ငှက်ပျောသီး ၃၀၁၆ ဒသမ ၁၆ ဒေါ်လာဖြစ်သည်။

မောတောင်ကုန်သွယ်ရေးစခန်းက အဓိကတင်သွင်းလျက်ရှိသည့် သွင်းကုန်ပစ္စည်းများ၏ တစ်တန်ဈေးနှုန်းမှာ သစ်သီး ၃၀၀ ဒသမ ၅၁ ဒေါ်လာ၊ ကြွေပြား ၃ ဒသမ ၁၆၀ ဒေါ်လာ၊ ငါးသေတ္တာဘူးခွံ ၂၃၆ ဒသမ ၆၉၇ ဒေါ်လာတို့ ဖြစ်သည်။

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၇-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၄၀ | ၁၉၉၀ | ၁၉၈၅ | ၁၉၅၀ | ၁၉၉၀ | ၂၀၁၀ | ၁၉၉၅ | ၁၉၇၅ | ၂၀၇၀ | ၂၀၉၀ | ၁၉၈၀ | ၁၉၉၀ | ၂၀၂၅ | ၂၀၂၅ | ၂၀၃၀ | ၂၂၆၀ | ၂၈၂၀ |
| 95 Ron | ၂၀၅၀ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၀၉၅ | ၂၁၂၀ | ၂၁၀၅ | ၂၀၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၀၉၀ | ၂၁၀၅ | ၂၁၃၅ | ၂၁၃၅ | ၂၁၄၀ | ၂၃၇၀ | ၂၉၂၀ |
| HSD (500 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၀၅ | ၂၀၄၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၈၅ | ၂၃၁၅ | ၂၉၂၀ |
| HSD (50 ppm) | ၂၀၈၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၈၅ | ၂၁၂၅ | ၂၁၅၀ | ၂၁၄၅ | ၂၁၀၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၂၀ | ၂၁၃၀ | ၂၁၆၅ | ၂၁၆၅ | ၂၁၆၅ | ၂၃၉၅ | ၂၉၈၀ |
| HSD (10 ppm) | ၂၀၈၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၈၅ | ၂၁၂၅ | ၂၁၅၀ | ၂၁၄၅ | ၂၁၀၀ | ၂၂၃၀ | ၂၂၂၅ | ၂၁၂၀ | ၂၁၃၀ | ၂၁၆၅ | ၂၁၆၅ | ၂၁၆၅ | ၂၃၉၅ | ၂၉၈၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၄၀ | ၁၉၁၀ |
| 95 Ron | ၁၉၄၆ | ၂၀၁၈ |
| HSD (500 ppm) | ၁၉၀၀ | ၁၉၆၇ |
| HSD (50 ppm) | ၁၉၇၃ | ၂၀၄၂ |
| HSD (10 ppm) | ၁၉၇၃ | ၂၀၄၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

**○ ဆင်ဖြူတော်မှ**

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေး အဖြူရောင်ဖြစ်ခြင်း၊ အမြီး တံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" သည် ယခုအသက် ၁၁ လခွဲသား အရွယ်တွင် အရပ်အမြင့် ၃ ပေ ၁၀ လက်မ၊ ကိုယ်လုံးလုံးပတ် ၆ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ပေါင် ၆၇၀ ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန်၊ ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**☆ ကျောဖုံးမှ**

အားကုန်ထုတ်ကစားခဲ့သော်လည်း သရေရလဒ်ဖြင့်သာ ပြီးဆုံးခဲ့သည်။ မြဝတီအသင်းသည် ဦးဆောင်ဂိုးသွင်းယူနိုင်သော်လည်း ပွဲပြီးခါနီးတွင် ပေးလိုက်ရသည့်ဂိုးကြောင့် သရေတစ်မှတ်ဖြင့် ကျေနပ်ခဲ့ရခြင်းဖြစ်သည်။

ပွဲစဉ်(၁၀)မှ ရွှေ့ဆိုင်းထားသည့် ရန်ကုန်အသင်းနှင့် အား/ကာသိပ္ပံအသင်းပွဲကို ဇူလိုင် ၁၀ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။ ပထမအကျော့ပွဲစဉ်များအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၂၉ မှတ်ဖြင့် ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့ပြီး ပွဲကျန်ကစားရန်ကျန်ရှိနေသည့် ရန်ကုန်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့မှာ ၁၀ ပွဲစီသာ ကစားရသေးပြီး ကျန် ၁၀ သင်းမှာမူ ပထမအကျော့ ၁၁ ပွဲစလုံး ကစားထားပြီးဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁အရ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ယနေ့တွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိ မင်းကျောင်းဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တမဟိန္ဒအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက်အဆိုပါကျောင်းတိုက်၌ နယ်လှည့် ဆေးကုသရေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး ဆေးကုသမှုခံယူနေသူ ဒေသခံပြည်သူများကို ဆီ၊ ရေသန့်၊ စားသောက်ဖွယ်ရာများနှင့် တိုင်းရင်းဆေးလုပ်ငန်းရှင်များက ပေးပို့လှူဒါန်းထားသည့် တိုင်းရင်းဆေးမျိုးစုံတို့ကို ပေးအပ်လှူဒါန်းသည်။ ယင်းနောက် သန်ပန်ချောင်းရပ်ကွက်ရှိ MSME လုပ်ငန်းတစ်ခုဖြစ်သည့် ငါးကွမ်းရှပ် ငါးတစ်မျိုးတည်းဖြင့်သာ ထုတ်လုပ်လျက်ရှိသည့် 7– TOP ငါးမုန့်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကွန်တိုင်ကျေးရွာအုပ်စု စက်မှုအထက်တန်းကျောင်း၌ ကျေးရွာအုပ်စု သုံးစုမှ လေဘေးသင့်ပြည်သူများအား အိမ်ဆောက်ပစ္စည်းများ၊ ဆန်၊ ဆားနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး အဆိုပါကျောင်း၌ နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများပေးအပ်သည်။ ယင်းနောက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ လေဘေးသင့်ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ဖြန့်ဝေပေးမှု အခြေအနေများနှင့် ပတ်သက်၍ ဆွေးနွေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ဘူးသီးတောင်တပ်နယ်အတွင်းရှိ မူကြိုကျောင်းများမှ ကလေးငယ်များအား အာဟာရဖြည့်စွက်စာများ သွားရောက်ကျွေးမွေးပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။



ထို့အတူ မြောက်ဦးမြို့၌ရောက်ရှိနေသည့် ဗိုလ်ချုပ်သောင်းထိုက်ရွှေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြောက်ဦးမြို့နယ်အတွင်း မုန်တိုင်းတိုက်ခတ်မှုကြောင့် ကျိုးကျပြိုလဲခဲ့သော မြို့တွင်းတယ်လီဖုန်းကွန်ကရစ်တိုင်များ အသစ်လဲလှယ်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ဗိုလ်ချုပ်အောင်မျိုးထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အရှေ့မြောက်ရပ်ကွက်ရှိ ဓမ္မာရုံကြီး၌ ဒေသခံပြည်သူများအား နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေးပြီး အဆိုပါ ဓမ္မာရုံကြီးအတွက် သွပ်အချပ် ၅၀ လှူဒါန်းသည်။

ထို့အတူ ချင်းပြည်နယ် ပလက်ဝမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်နေဝင်းအောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကီမိုခန်းမ၌ မိုခါမုန်တိုင်းဒဏ်ကြောင့် နေအိမ်များပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေ၊ သစ်ခွဲသားနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး နေအိမ်ပျက်စီးခဲ့သည့် အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေ၊ သစ်ခွဲသားနှင့် ထောက်ပံ့ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများကို ပေးအပ်ကာ ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကားပြောကြားသည်။

အလားတူ စစ်တွေမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်ကျော်မိုးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ရွာသစ်ကေကျေးရွာရှိ စပါးစိုက်တောင်သူများအား GW– 11 စပါးမျိုးစေ့များနှင့် ပတ်သက်၍ အထွက်နှုန်းတိုးတက်စေရေးအတွက် စနစ်တကျစိုက်ပျိုးရန်၊ ရာသီအမီ စိုက်ပျိုးနိုင်ရေးနှင့် လိုအပ်သောသွင်းအားစုများ ထည့်သွင်းအသုံးပြုရန် ဆွေးနွေးမှာကြားသည်။

ထို့အတူ ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ဝင်းမောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စိုက်ပျိုးရေးရုံး၌ မျိုးစပါးထောက်ပံ့နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အထက်တန်းကျောင်းခွဲ(အလယ်စု)ရှိ ကျောင်းသား ကျောင်းသူများကို ဒံပေါက်ဘူးများပေးဝေလှူဒါန်းသည်။ ယင်းနောက် ဦးရာဇ်တော် ကြိုးတံတားပြန်လည်ပြုပြင်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူမောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ကညင်ချောင်းစီးပွားရေးဇုန်ရှိ တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များနှင့်တွေ့ဆုံကာ ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့မည့် ကုန်ပစ္စည်းများကို စက်လှေများပေါ်သို့ တင်ဆောင်နေမှုအား ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် စစ်တွေမြို့နှင့် ပုဏ္ဏားကျွန်းမြို့တို့၌ ရောက်ရှိနေသော နယ်လှည့်ဆေးကုသရေးအဖွဲ့များသည် ဒေသခံပြည်သူများအား သက်မှတ်နေရာများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်


# ၂၀၂၃ ခုနှစ် ဇွန်လအတွင်းရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှ အက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ခုနှစ် နိုဝင်ဘာလမှစတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့် ဇလဗေဒစခန်း ၄၁ ခု (ပုံ–၁)တွင် ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိသည်။


၂၀၂၃ ခုနှစ် ဇွန်လအတွင်း တိုင်းတာသည့်စခန်း ၄၁ ခုလုံးတွင် မိုးရွာသွန်းခဲ့သဖြင့် မိုးရေနမူနာများ စုဆောင်းရယူခဲ့သည်။ မိုးရေနမူနာလက်ခံရရှိခဲ့သည့်စခန်း ၃၉ ခုတို့တွင် ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနက စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5 – 8.5) အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့သည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၃ ခုနှစ် ဇွန်လအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၉ ခုတို့၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရသည်။ (ပုံ–၂)

ပုံ (၂)၊ ၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးပြပုံ




မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ



(ပုံ–၁)

၂၀၂၃ ခုနှစ်၊ ဇွန်လအတွင်း ရွာသွန်းခဲ့သောမိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၇ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၆.၆ |
| ၃ | မြစ်ကြီးနား | ၆.၇ |
| ၄ | ပူတာအို | ၆.၈ |
| ၅ | ဗန်းမော် | ၆.၈ |
| ၆ | လားရှိုး | ၆.၈ |
| ၇ | တောင်ကြီး | ၆.၉ |
| ၈ | မိုင်းဆတ် | ၆.၇ |

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၉ | ကျိုင်းတုံ | ၆.၆ |
| ၁၀ | စစ်ကိုင်း | ၆.၇ |
| ၁၁ | ဟားခါး | ၆.၆ |
| ၁၂ | ညောင်ဦး | ၆.၇ |
| ၁၃ | မုံရွာ | ၆.၈ |
| ၁၄ | ပျဉ်းမနား | ၆.၉ |
| ၁၅ | ကသာ | ၆.၉ |
| ၁၆ | ပြင်ဦးလွင် | ၆.၉ |

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁၇ | ကလေးဝ | ၆.၈ |
| ၁၈ | ရန်ကုန်(ကမ္ဘာအေး) | ၇.၀ |
| ၁၉ | မှော်ဘီ | ၆.၆ |
| ၂၀ | မကွေး | ၆.၇ |
| ၂၁ | အောင်လံ | ၆.၆ |
| ၂၂ | လှိုင်ကော် | ၆.၇ |
| ၂၃ | စစ်တွေ | ၆.၇ |
| ၂၄ | ကျောက်ဖြူ | ၆.၅ |

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၂၅ | သံတွဲ | ၆.၈ |
| ၂၆ | ပြည် | ၆.၅ |
| ၂၇ | ပဲခူး | ၆.၇ |
| ၂၈ | တောင်ငူ | ၆.၇ |
| ၂၉ | ပုသိမ် | ၇.၁ |
| ၃၀ | မအူပင် | ၇.၀ |
| ၃၁ | ဟသ်ာတ | ၆.၇ |
| ၃၂ | မော်လမြိုင် | ၆.၈ |

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၃၃ | ရေး | ၆.၅ |
| ၃၄ | ဘီးလင်း | ၆.၉ |
| ၃၅ | ဘားအံ | ၆.၉ |
| ၃၆ | ကော့ကရိတ် | ၆.၇ |
| ၃၇ | ထားဝယ် | ၆.၈ |
| ၃၈ | မြိတ် | ၆.၅ |
| ၃၉ | ကော့သောင်း | ၆.၇ |

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။


၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၀၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေး တရုတ်သမ္မတ ရှီကျင့်ဖျင် တိုက်တွန်း



ပေကျင်း ဇူလိုင် ၆

တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်၏ နှစ်၁၀၀ပြည့် ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်အားစစ်ဆေးစဉ် တရုတ်သမ္မတ ရှီကျင့်ဖျင်က တပ်မတော်သားများကို တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ခိုက်ရေးစွမ်းရည်မြှင့်တင်ရေးတို့ကို အလေးထားဆောင်ရွက်ရန် ရှီက မှာကြားခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ၏ အထွေထွေအတွင်းရေးမှူးချုပ်နှင့်ဗဟိုစစ်ကော်မရှင်၏ဥက္ကဋ္ဌ ဖြစ်သူ ရှီကျင့်ဖျင်က တရုတ်နိုင်ငံအရှေ့ပိုင်းကျန်းဇုပြည်နယ်ရှိ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်သို့ရောက်ရှိစစ်ဆေးစဉ် ယင်းသို့ ညွှန်ကြားခြင်းဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံ၏ အချုပ်အခြာ အာဏာ၊ ရေကြောင်းဆိုင်ရာ အခွင့်အရေးများနှင့် အကျိုးစီးပွားများကို စတင်တည်ထောင်ဖွဲ့စည်းချိန်မှ စတင်၍ ကာကွယ်စောင့်ရှောက်ခဲ့သည့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုကြောင်း ရှီက ပြောကြားသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်ကို ၁၉၂၇ ခုနှစ် ဩဂုတ် ၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့သည်။

တပ်မတော်သည် သတ္တိရှိ၍ တိုက်ပွဲဝင်နိုင်စွမ်းရှိရန် လိုအပ်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာ၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရန် လိုအပ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## ယူကရိန်းခရီးသည်တင်လေယာဉ်တစ်စင်းကို မှားယွင်းစွာပစ်ချခြင်းအပေါ် အီရန်နိုင်ငံအား နိုင်ငံတကာတရားရုံးသို့ စွဲချက်တင်

ယူကရိန်း ဇူလိုင် ၆

၂၀၂၀ ပြည့်နှစ်တွင် ယူကရိန်းခရီးသည်တင် လေယာဉ်တစ်စင်းကို အီရန်နိုင်ငံက မှားယွင်းပစ်ချခဲ့ခြင်းနှင့် ပတ်သက်ပြီး ကနေဒါ၊ ဆွီဒင်၊ ယူကရိန်းနှင့် ဗြိတိန်နိုင်ငံတို့က အီရန်နိုင်ငံအား နိုင်ငံတကာတရားရုံးသို့ စွဲချက်တင်ထားကြောင်း သိရသည်။

လေယာဉ်ပျက်ကျမှုအတွင်း သေဆုံးခဲ့သူများတွင် အဆိုပါလေးနိုင်ငံမှ နိုင်ငံသားများပါဝင်သည့်အတွက် ၎င်းတို့က နိုင်ငံတကာတရားရုံးသို့ စွဲချက်တင်ခြင်းဖြစ်သည်။

ယူကရိန်း နိုင်ငံတကာလေကြောင်းလိုင်း လေယာဉ်သည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် တီဟီရန်မြို့အနီး၌ ပျက်ကျခဲ့ပြီး လေယာဉ်ပေါ်လိုက်ပါစီးနင်းသူ ၁၇၆ ဦး သေဆုံးခဲ့သည်။

အဆိုပါ ဖြစ်စဉ်ဖြစ်ပွားပြီးနောက် အီရန်နိုင်ငံက လေယာဉ်ကို ၎င်းတို့ပစ်ချခဲ့ကြောင်း ဝန်ခံခဲ့သည်။ ထိုအချိန်တွင် အီရန်နှင့် အမေရိကန်နှစ်နိုင်ငံကြား စစ်ရေးတင်းမာမှုများ မြင့်တက်လျက်ရှိသည့်အတွက် အီရန်တပ်မတော်က ယူကရိန်းခရီးသည်လေယာဉ်ကို အမေရိကန်လေယာဉ်ဟု ထင်မှတ်ပြီး မှားယွင်းစွာ ပစ်ချခဲ့ခြင်းဖြစ်သည်။

အဆိုပါကိစ္စရပ်နှင့်ပတ်သက်၍ အီရန်ကို နိုင်ငံတကာဥပဒေနှင့်အညီ ပွင့်လင်းမြင်သာပြီး တရားမျှတသော ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ကြောင်း တရားလိုနိုင်ငံလေးနိုင်ငံက ၎င်းတို့၏လျှောက်လွှာတွင် ဖော်ပြထားသည်။

အီရန်နိုင်ငံအနေဖြင့် ၎င်း၏ လုပ်ရပ်များကို အပြည့်အဝ တာဝန်ယူရမည် ဖြစ်ကြောင်း ကနေဒါနိုင်ငံခြားရေးဝန်ကြီး မီလိန်းဂျိုလီက တွစ်တာတွင် ရေးသားခဲ့သည်။ သေဆုံးသူများ၏ မိသားစုများ ထိုက်တန်သည့် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် တရားမျှတမှုတို့အတွက် နိုင်ငံလေးနိုင်ငံက ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

■









## ဖခင်အမည်မှန်

ဘိုကလေးမြို့နယ်၊ အ.ထ.က၊ စက်ဆန်း GRADE 10 တွင် ပညာသင်ကြားနေသော မောင်နေ့သစ်ထူး၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် [၁၄/ဘကလ(နိုင်)၂၁၁၆၃၄] အရ ဦးဇေယျာ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ အ.ထ.က(၁)ဒလ၊ Grade-(9)၊ နဝမတန်း B မှ မောင်သော်ဇင်ထွန်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ကျော်မိုး [၁၂/ဒလန(နိုင်)၀၃၅၀၇၄] ဖြစ်ပါကြောင်း။

## ပြင်ဆင်ဖတ်ရှုပါရန်

၅-၇-၂၀၂၃ ရက်စွဲ ကြေးမုံသတင်းစာ စာမျက်နှာ(စ)တွင် ပါရှိသော တရားလွှတ်တော်ရှေ့နေ ဒေါ်စောနှင်းအေး၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် ဖော်ပြထားသည့် မဆုသက်ငယ်၏ လွှဲအပ်ညွှန်ကြားချက်အရ အစား ဒေါ်သဇင်နွယ်၏ လွှဲအပ်ညွှန်ကြားချက်အရဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပိုးသတ်ဆေးဖြန့်ဖြူးသူပြောင်းလဲခြင်း

Shanghai Yuelian Chemical Industry Co.,Ltd မှ ထုတ်လုပ်သော အောက်ဖော်ပြပါ ပိုးသတ်ဆေးများ၏ မှတ်ပုံတင်ခြင်းနှင့် ဖြန့်ဖြူးခြင်းလုပ်ငန်းများအား Myanmar Byter Agro Tech Co.,Ltd မှ Myanmar Golden Sun Crop Science Co.,Ltd သို့ လွှဲပြောင်းပေးခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့သို့ ကြော်ငြာပါသည့်နေ့မှစပြီး (၁၄)ရက်အတွင်း ကန့်ကွက်လွှာတင်သွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| No | Trade Name | Active Ingredient Name | Registration Type | Registration Number |
|---|---|---|---|---|
| 1 | Best Choice | Nitenpyram 20%+Pymetrozine 60% WDG | Provisional Registration | P2022-4864 |

**Myanmar Golden Sun Crop Science Co.,Ltd**
**Tel: 09-784772103**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဟံသာဝတီဗီလာ၊ ဟံသာဝတီလမ်း၊ တိုက်အမှတ် အေ-၂၊ ပထမထပ်၊ အခန်းအမှတ် (၁၀၁)တွင် ရုံးခန်းဖွင့်လှစ်ထားသော CHENG MEI CO.,LTD ၏ မန်နေဂျင်းဒါရိုက်တာ ဒေါ်မေချင်သည် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းလိုအပ်ချက်အရ ပြောင်းလဲမည်ဖြစ်ပါသဖြင့် ဒေါ်မေဟွမ်းအား မန်နေဂျာဒါရိုက်တာ အသစ်အဖြစ် ပြောင်းလဲမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၁၄) ရက်အတွင်း ကျွန်ုပ် CHENG MEI CO.,LTD ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**CHENG MEI CO.,LTD**
**Ph:09-9788123707**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၊ မြေကွက်အမှတ်-၂၂၄၊ မြေကွက်တည်နေရာအမှတ်(၂၂၄)၊ သုတ(၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးမျိုးမြင့် (LPN- 011616)အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဦးမျိုးမြင့်(ဖခင်) ကွယ်လွန်သဖြင့် ဒေါ်ကျော့ကျော့ဦး[၁၂/ဥကတ(နိုင်)၁၆၅၅၁၆]မှ တစ်ဦးတည်းသော ကိတ္တိမမွေးစား သမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်၊ ကိတ္တိမမွေးစား စာချုပ်အမှတ်- ၆၉၈၁/၂၀၂၂(၂-၉-၂၀၂၂)၊ နိုင်/ကတ်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့ တင်ပြ၍ (ပိုင်ဆိုင်+အရောင်း) မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

